# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မီရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၂၁၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Samdech Akka Moha Sena Padei Techo HUN SEN တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Samdech Akka Moha Sena Padei Techo HUN SEN တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး

## ကမ္ဘောဒီးယားနိုင်ငံမှ အာဆီယံတွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲအတွေ့အကြုံမျှဝေလိုမှု အခြေအနေများကို ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် မေ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Samdech Akka Moha Sena Padei Techo HUN SEN နှင့် ယနေ့နံနက်ပိုင်းတွင် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌတို့သည် နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး နှစ်နိုင်ငံအကြား ဆက်ဆံရေးကောင်းမွန်လျက်ရှိမှု၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်နှင့် မိုခါမုန်တိုင်းကျရောက်ချိန်တွင် ကမ္ဘောဒီးယားနိုင်ငံမှ အကူအညီများပေးပို့ခဲ့မှု၊ *စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဖတ် စ ရာ**



**(၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၅၄၆ တွဲ ရောင်းချနိုင်ခဲ့**

ပြည်တွင်းသတင်း | စာ ၅

**အလင်းမှအလင်းသို့ရှေးရှု၊ တောက်ပအနာဂတ် တို့ပြိုင်တူ**

ဆောင်းပါး | စာ ၁၀






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Samdech Akka Moha Sena Padei Techo HUN SEN တို့ Video Conferencing ဖြင့် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

❖ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အပြုသဘောဆောင်စွာဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့်အညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ရှေ့လုပ်ငန်းစဉ် ၅ ရပ် အကောင်အထည်ဖော်မှုအပေါ် ခိုင်မာစွာရပ်တည်၍ ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားမှု၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူမှုအပါအဝင် အခြားလိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု၊ ကမ္ဘောဒီးယားနိုင်ငံမှ အာဆီယံတွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲအတွေ့အကြုံမျှဝေလိုမှု အခြေအနေများကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့သည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**“ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အပြုသဘောဆောင်စွာဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ရှေ့လုပ်ငန်းစဉ် ၅ ရပ် အကောင်အထည်ဖော်မှုအပေါ် ခိုင်မာစွာရပ်တည်၍ ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားမှု၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုအပါအဝင် အခြားလိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများဆွေးနွေး ”**

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင် အား လက်ခံတွေ့ဆုံ

### မြန်မာ - တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် မေ ၇**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင် အား ယနေ့မွန်းလွဲ ၁ နာရီ တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ – တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ မြန်မာ – တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးပိုမိုမြှင့်တင်နိုင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း နွေရာသီအခြေခံအားကစားသင်တန်းဖွင့်ပွဲအခမ်းအနားတက်ရောက်



**စစ်တွေ မေ ၇**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နွေရာသီအခြေခံအားကစားသင်တန်းဖွင့်ပွဲကို မေ ၆ ရက် ညနေပိုင်းက စစ်တွေမြို့ ဧည့်ဝတီအားကစားခန်းမ၌ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက နိုင်ငံတော်အနေဖြင့် နှစ်စဉ်နှစ်တိုင်း နွေရာသီအားကစားသင်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ မိမိတို့ရခိုင်ပြည်နယ်တွင်လည်း ခရိုင်နှင့် မြို့နယ်အချို့တွင် ဖွင့်လှစ်သင်ကြား ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ နွေရာသီအားကစားသင်တန်းများကို တက်ရောက်သင်ကြားကြမည့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့်လည်း သက်ဆိုင်ရာ အားကစားနည်းအလိုက် နည်းပြများက ကျွမ်းကျင်အောင် လေ့ကျင့်ပေးသွားမည်ဖြစ်သည့်အတွက် ကြိုးစားသင်ယူကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ပညာရေးဌာနသို့ အားကစားပစ္စည်းများပေးအပ်ရာ ပြည်နယ်ပညာရေးမှူးက လက်ခံရယူသည်။

ထို့နောက် ရခိုင်ကန်ဒိုအဖွဲ့၊ ကရာတေးဒိုအဖွဲ့နှင့် ပညာရေးနှင့်လေ့ကျင့်ရေး ကျောင်းသူများက Fitness Dance သရုပ်ပြသကြရာ ပြည်နယ်ဝန်ကြီးချုပ်က သရုပ်ပြအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ – ဝင်းမင်းစိုး**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**နေပြည်တော် မေ ၇**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။



**အများပြည်သူအကျိုးရှေးရှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုသည် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဟန့်တားလျက်ရှိသည့်အတွက် နိုင်ငံတော်အစိုးရ၏ မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့် ဝန်ထမ်းများအား အဂတိလိုက်စားမှုကို လက်မခံသည့်၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းဖော်ဆောင်နိုင်ရန် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့်လည်း ဝန်ထမ်းများအား အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများကို သိရှိရှောင်ကြဉ်နိုင်စေရန် ဘက်စုံ၊ ကဏ္ဍစုံမှ အသိပညာပေး ဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည့်အတွက် များစွာအားရမိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် အဂတိတရားကင်းစင်စွာဖြင့် အများပြည်သူအကျိုး ရှေးရှုဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

**အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ်ပါဝင်**

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုကို လက်မခံသည့်၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်း ဖန်တီးဖော်ဆောင်နိုင်စေရန်ရည်ရွယ်၍ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုသည် မိမိအားပေးအပ်ထားသည့်ရာထူး၊ လုပ်ပိုင်ခွင့် အာဏာကို ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်းဖြစ်သည့်အတွက် ကိုယ်ကျင့်တရားပျက်ယွင်းခြင်းပင် ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေသည့်အပြင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များကိုပါ ဆိုးကျိုး သက်ရောက်စေပါကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူလျက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းဟူသည့် ကဏ္ဍ (၃) ရပ်ချမှတ်၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ့တာဝန် ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ယခုကဲ့သို့ ဟောပြောပွဲများမှ အသိအမြင်၊ ဗဟုသုတ၊ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အကျိုးကျေးဇူးများရရှိပြီး နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ဥပဒေရေးရာဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွေးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း၊ အသိပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးက အဂတိလိုက်စားမှု၏သဘောသဘာဝများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တားဆီးကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ သတင်း၊ တိုင်ကြားစာနှင့် မှတ်တမ်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမော်က တိုင်ကြားစာကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

**သုံးသပ်တင်ပြ**

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း ခေါင်းဆောင်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့်တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်

ပဲခူး မေ ၇

**မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းပြီး မေ ၇ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး တက်ရောက်ချီးမြှင့်သည်။**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက လူငယ်မောင်မယ်တို့ကို မှန်ကန်သည့် အသိပညာများ ရရှိစေရေးအတွက် ယနေ့လူငယ်စကားဝိုင်းကို ကျင်းပပေးခြင်းဖြစ်ပြီး အနာဂတ်ခေါင်းဆောင်များ ဖြစ်လာကြမည့် လူငယ်မောင်မယ်များ အနေဖြင့် ဗလငါးတန်နှင့်ပတ်သက်၍ ပိုမိုသိရှိနားလည်ပြီး မှန်ကန်သည့် အသိပညာများ ရရှိရန်အတွက် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီအနေဖြင့် သင်တန်းများနှင့် လူငယ်အသိပညာပေး ဟောပြောပွဲများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အချိန်ကို အကျိုးရှိရှိ အသုံးချပြီး မိမိတို့ဝါသနာပါရာ ပညာရပ်ပိုင်းဆိုင်ရာများ ကြိုးစားလေ့လာသင်ယူရန် အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ယင်းနောက်မြန်မာ့သိုင်းအားကစားအဖွဲ့နှင့် Fitness Dance အားကစားအဖွဲ့တို့မှ အားကစားသမားမောင်/မယ်များက သရုပ်ပြသကစားကြပြီး ပဲခူးမြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ၊ အမျိုးသား စာပေဆုရှင် စာရေးဆရာမ ဝတ်ရည်ခင် (ပဲခူး)က လူငယ့်အားမာန်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ အမျိုးသားစာပေဆု (၇) ကြိမ် ဆုရှင်၊ တစ်သက်တာ စာပေဆုရှင် အလင်္ကာကျော်စွာ မြင်းမူမောင်နိုင်မိုးက ပွင့်သောပန်းတိုင်းမွှေးပါစေ ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။



ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က အားကစား သရုပ်ပြအဖွဲ့များနှင့် စာရေးဆရာ/ဆရာမတို့ကို ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြပြီး မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ပဲခူးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနား တက်ရောက်လာသည့် လူငယ်ရေးရာ ကော်မတီများ၊ မြန်မာ့သိုင်း အဖွဲ့ဝင်များ၊ Fitness Dance အားကစားအဖွဲ့နှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ရွှေပြည်သာမြို့နယ်၌ နွေရာသီအပန်းဖြေစခန်းများမှ ပြန်လည်ရောက်ရှိလာသော လူရည်ချွန်မောင်မယ်များအား ကြိုဆို

**ရန်ကုန် မေ ၇**

၂၀၂၃–၂၀၂၄ ပညာသင်နှစ် လူရည်ချွန်အဖြစ် ရွေးချယ်ခံရပြီး လူရည်ချွန်စခန်းများမှ ပြန်လည်ရောက်ရှိလာသော ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ကောင်းစုစံပညာ့ရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်းမှ လူရည်ချွန်မောင်/မယ် ငါးဦးအား ဂုဏ်ပြုကြိုဆိုပွဲကို ယနေ့နံနက် ၉ နာရီခွဲက အဆိုပါကျောင်း၌ကျင်းပရာ ကျောင်းအုပ်ကြီးမိသားစုနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုကြိုဆိုကြသည်။ **(အပေါ်ပုံ)**

အဆိုပါ လူရည်ချွန် မောင်/မယ် ငါးဦးတွင် Grade–9 မှ ကျောင်းသားကျောင်းသူ နှစ်ဦး၊ Grade–10 မှ ကျောင်းသူ တစ်ဦး၊ Grade–11 မှ ကျောင်းသား တစ်ဦး၊ Grade–12 မှ ကျောင်းသူ တစ်ဦးတို့သည် နိုင်ငံတော်မှ စီစဉ်ပေးသော အပန်းဖြေလေ့လာရေးခရီးစဉ်အဖြစ် စေလွှတ်ခဲ့သည့် ပုဂံ၊ တောင်ကြီး၊ ချောင်းသာ၊ ငွေဆောင် လူရည်ချွန်စခန်းအသီးသီးကို သွားရောက်ကြပြီး လေ့လာရေးခရီး အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ကောင်းစုစံပညာ့ရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်းကို ၂၀၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၃–၂၀၂၄ ပညာသင်နှစ်အထိ သုံးထပ်ကွမ်းလူရည်ချွန် တစ်ဦး၊ နှစ်ထပ်ကွမ်းလူရည်ချွန် သုံးဦး၊ တစ်ထပ်ကွမ်းလူရည်ချွန် ခြောက်ဦး အပါအဝင် လူရည်ချွန်မောင်/မယ် ၁၀ ဦးမှ လူရည်ချွန်ဆု ၁၅ ဆု ရရှိခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်

**နေပြည်တော်  မေ ၇**

**၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသည်။**



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများ၊ ဝန်ထမ်းများနှင့် အားကစားဝါသနာရှင် ပြည်သူများ တက်ရောက်ကြသည်။

### အထောက်အကူပြုမည်

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို ကျင်းပပေးခြင်းဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လာရောက်ယှဉ်ပြိုင်ကြသည့် ဘော်လီဘောအားကစားသမားများ ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေး၊ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ဘော်လီဘော အားကစားအဆင့်အတန်း ပိုမိုတိုးတက် မြင့်မားလာစေရေးစသည့် ရည်ရွယ်ချက်များကို အထောက်အကူပြုမည်ဖြစ်ကြောင်း။

### ဘက်စုံပြည့်စုံအောင်ကြိုးစား

ပြိုင်ပွဲဝင် အားကစားသမားများ အနေဖြင့် မိမိတို့ ကိုယ်စားပြုယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်သူများဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း၊ ထို့ပြင်အသင်းလိုက် အားကစားနည်းဆိုသော်လည်း တစ်ဦးချင်း ထိုးဖောက်တတ်သည့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ရမည်ဖြစ်သကဲ့သို့ မိမိအသင်းအောင်နိုင်ရေးအတွက်လည်း အသင်းဖော်များ၏ အရည်အသွေးပေါ်လွင်အောင် ဖန်တီးပေးတတ်သူဖြစ်ရန်လည်း လိုအပ်သည့်အတွက် ဘက်စုံပြည့်စုံအောင် ကြိုးစားယှဉ်ပြိုင်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

ပြိုင်ပွဲတွင် အနိုင်မခံ၊ အရှုံးမပေးဘဲ အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ပါဝင်ယှဉ်ပြိုင်သွားကြရန်နှင့် ပြိုင်ပွဲ၏ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း လေးစားလိုက်နာကြစေလိုကြောင်း၊ ပြိုင်ပွဲများကို ကြီးကြပ်ကြမည့် ဒိုင်လူကြီးများအနေဖြင့်လည်း ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တရားမျှတစွာနှင့် တိကျစွာ ဆုံးဖြတ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်က အားထားရမည့် နိုင်ငံဂုဏ်ဆောင်အားကစားသမားများဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားပြီး ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစားသစ္စာခံဋ္ဌာန်ရွတ်ဆိုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အခမ်းအနားသို့တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲပွဲစဉ်ဖြစ်သည့် ဘော်လီဘောအမျိုးသားပြိုင်ပွဲ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို မေ ၇ ရက်မှ ၁၆ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ၁၂ သင်းတို့မှ အားကစားသမား စုစုပေါင်း ၃၉၉ ဦး ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၅၄၆ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော်  မေ ၇**

(၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။



နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

### ၅၄၆ တွဲ ရောင်းချ

ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၄၅၅၀ ကို နေ့ရက်အလိုက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းဖြစ်ပြီး ယနေ့တွင် ကျောက်စိမ်းအတွဲ ၈၅၀ ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၅၄၆ တွဲ ရောင်းချရကြောင်း ကြေညာသည်။

### ကြေညာသွားမည်

ပြပွဲဆဋ္ဌမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်း ၈၅၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးအတွင်းသို့ ထည့်သွင်းကြသည်။ အဆိုပါ ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့်ကျောက်စိမ်းအတွဲများအား မေ ၈ ရက် နံနက် ၈ နာရီတွင် ကြေညာသွားမည် ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျောက်စိမ်းအတွဲများ တင်ဒါဖွင့်ဖောက် စစ်ဆေးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

(၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ကျန်ရှိနေသည့် ကျောက်စိမ်းတွဲများကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မေ ၁၂ ရက်အထိ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနား ပြည်မြို့၌ကျင်းပ

**ပြည်  မေ ၇**

ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် အခမ်းအနား (၂၀၂၄) ကို ပြည်မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံး၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားတွင် ပြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အမှာစကား ပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကေခိုင်ဝင်းက ကာကွယ်ဆေးထိုးနှံတိုက်ကျွေးမှု လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက အခမ်းအနားသို့ တက်ရောက်လာသော မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးကြပြီး ယခုနှစ် ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် အခမ်းအနားကို “ကလေးများအနာဂတ်လှပဖို့ လူတိုင်းပါဝင်ဆောင်ရွက်လို့ ကာကွယ်ဆေးဖြင့် အသက်ကယ်စို့” ဆောင်ပုဒ်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ထားဝယ်မြို့နယ် ဌာနပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်က နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ထားဝယ်  မေ ၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဌာနပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို တိုင်းဒေသကြီးသမဝါယမဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ တိုင်းဒေသကြီးသမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမဦးစီးဌာနတို့မှ အသင်းသားများ၊ ကျန်ဌာနပေါင်းစုံ ၁၈ ခုမှ အသင်းသားများ တက်ရောက်ကြသည်။ အဆိုပါ အစည်းအဝေးတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အသင်းမှ အသင်းသား ၂၃၆ ဦးကို စုဆောင်းငွေပေါ်အတိုးငွေကျပ် ၁၃၄၈၇၆၅၅၊ အစုပေါ်အမြတ်ငွေကျပ် ၇၉၄၈၆၀၊ အသင်းသားများ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ထောက်ပံ့ငွေကျပ် ၄၀၉၆၀၀၀ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ ပြန်လည်ထူထောင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၇

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ ဆီဆိုင်မြို့ ပြန်လည်ထူထောင်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာကို သွားရောက်ကြည့်ရှုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က မကြာမီကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ ကျောင်းများ ယာယီဖွင့်လှစ်နိုင်ရန် နေရာရွေးချယ်ထားကြရန်၊ သက်ဆိုင်ရာဌာနများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်၊ ဒေသခံပြည်သူများကလည်း ကလေးများ ကျောင်းတက်နိုင်ရေးအတွက် လှုံ့ဆော် ဆောင်ရွက်ပေးကြရန် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် လုံခြုံရေးပိုင်း တာဝန်ယူရသော အဖွဲ့များကလည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆီဆိုင်မြို့ အောင်စံပြည့်လွယ်မွေစေတီတော် ကျောင်းဝင်းအတွင်း နယ်စပ်ရေးရာဦးစီးဌာနမှ တည်ဆောက်ထားသော ဆီဆိုင်မြို့ ရပ်ကွက်(၆)ရပ်ကွက်နှင့် ကျေးရွာများကို ဖြန့်ဖြူးပေးလျက်ရှိသော ရေစုကန်အား သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို သက်ဆိုင်ရာ ဌာနများအား မှာကြားသည်။

**ကြည့်ရှု**

ယင်းနောက် ဆီဆိုင်မြို့ မြို့မဈေး ပြန်လည်သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ ပြန်လည်ပြုပြင်နေမှု၊ ဆီဆိုင်မြို့ ဇဝနရာမကျောင်းတိုက်၊ မြို့ဦးရေထွက်မှ ဆိုလာစနစ်ဖြင့် ရေဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ထားရှိမှု**(အောက်ပုံ)**၊ အခြေခံပညာ အထက်တန်းကျောင်းတွင် မီးသတ်တပ်ဖွဲ့ဝင်များက သန့်ရှင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက လုံခြုံရေးတာဝန်ထမ်းဆောင်နေသောအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာ ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။



**အလှူငွေများ လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆီဆိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး မြို့နယ်ပြည်သူ့ဆေးရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆိုက်ခေါင်မြို့ ဇောတိကာရာမ ကျောင်းတိုက်တွင် သီတင်းသုံးနေသည့် ဆီဆိုင်မြို့ ဇဝနရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ လှူဒါန်းကြသည်။

ထို့နောက် ဆိုက်ခေါင်မြို့ ပါလောပါကယ်ကျေးရွာအုပ်စုရှိ ဇောတိကာရာမဘုန်းကြီးကျောင်း၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ပြန်လည်ထူထောင်ရေးကဏ္ဍတွင် အစိုးရအဖွဲ့တစ်ခုတည်းမဟုတ်ဘဲ ပြည်သူများ ပါဝင်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးရန်နှင့် သက်ဆိုင်ရာဌာနများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မိုင်းရှင်းလင်းရေး၊ လျှပ်စစ်မီးနှင့် ရေရရှိရေးကို ဦးစားပေး ဆောင်ရွက်ပေးကြရန်၊ ဌာနဆိုင်ရာများအားလုံးက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်တို့က စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်တလုံးကြီးမြို့နယ် ထီလုံရပ်ကွက်နေ ပအိုဝ်းအမျိုးသားခေါင်းဆောင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) နာယက ဦးအောင်ခမ်းထီအား သွားရောက် တွေ့ဆုံဂါရဝပြု၍ ကျန်းမာရေးအခြေအနေ မေးမြန်းကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ပုဇွန်တောင်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့်အိမ်ထောင်စုဇယားများ ပေးအပ်

**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက် အဆင့်-၃ ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုဇယားများအား အများပြည်သူများထံ ပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၃ နာရီက ပုဇွန်တောင်မြို့နယ် အမှတ်(၃)ရပ်ကွက် အောက်ပုဇွန်တောင်လမ်း ပြည်တော်သစ်အိမ်ရာရှိ အမှတ်(၃/၄) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။



အဆိုပါ နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်ကျော်လွင်၊ အတွင်းရေးမှူးရဲမှူးမင်းဟန်နှင့် အဖွဲ့ဝင်(၃) မြို့နယ်ဦးစီးမှူး ဦးရဲအောင်တို့က အမှတ်(၃)ရပ်ကွက်ရှိ မီးရထားကျူးနေ ပြည်သူများနှင့် အမှတ်(၄) ရပ်ကွက်ရှိ ဆိပ်ကမ်းအာဏာပိုင်ကျူးနေပြည်သူများ စုစုပေါင်း အိမ်ခြေ ၅၂ လုံး၊ အိမ်ထောင်စု ၅၂ စုတို့အား ပုံစံ ၆၆/ ၆ အိမ်ထောင်စု စာရင်း ၅၂ စောင်နှင့် ၎င်းအိမ်ထောင်စုများရှိ ကျား ၈၉ ဦး၊ မ ၈၅ ဦး စုစုပေါင်း ၁၇၄ ဦးအနက်မှ နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ထားခြင်း မရှိသည့် ကျား ၁၈ ဦး၊ မ ၁၄ ဦး စုစုပေါင်း ၃၂ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့က Biometric Data ကောက်ယူခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**
**(မင်္ဂလာတောင်ညွန့်)**



## ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ပညာရေးနှင့် အမျိုးသမီးများ ဖွံ့ဖြိုးရေးကိစ္စများ ကွင်းဆင်းဆောင်ရွက်

**သနပ်ပင် မေ ၇**

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာနှင့် အဖွဲ့ဝင်များသည် သနပ်ပင်မြို့နယ် အထက(သနပ်ပင်)ကျောင်း၌ ၂၀၂၄ ခုနှစ် နွေရာသီအင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုအားပေးကြပြီး သင်ကြားရေးဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ကျေးရွာဖြစ်သော ခရမ်းကျေးရွာသို့သွားရောက်ပြီး အမျိုးသမီးရေးရာဆယ်အိမ်စုမှူးများနှင့် တွေ့ဆုံ၍ အမျိုးသမီးဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၇

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အဆောက်အအုံများ လှူဒါန်းနိုင်

**နေပြည်တော် မေ ၇**

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာ ဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။




ယခုအခါပြည်သူများ စာပေဖတ်ရှုလေ့လာစေရေးနှင့် စာအုပ်စာစောင်များကို လက်လှမ်းတမီထားရှိပေးနိုင်ရေးအတွက် စာကြည့်တိုက်အဆောက်အအုံ လိုအပ်နေသောနေရာများတွင် ဆောက်လုပ်လှူဒါန်းပေးသွားမည်ဖြစ်ရာ "ပညာဒါန" အလှူအဖြစ် လှူဒါန်းလိုပါက ဖော်ပြပါစာကြည့်တိုက် အဆောက်အအုံတစ်ခုလျှင် ကျပ်သိန်း(၁၅၀)ဖြင့် ဆောက်လုပ်လှူဒါန်းနိုင်ပါကြောင်းနှင့် ပေးအပ်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- ❖ ညွှန်ကြားရေးမှူး(ထုတ်လုပ်)
  ပြန်/ဆက် ဦးစီးဌာန
  ဖုန်း ၀၁ ၃၇၁၃၄၂ / ၀၆၇၃၄၀၁၂၃၇၁ / ၀၉၄၂၀၀၄၆၇၁၅
- ❖ ညွှန်ကြားရေးမှူး(ပြန်ဆက်)
  ပြန်/ဆက် ဦးစီးဌာန
  ဖုန်း ၀၆၇၃၄၀၁၂၀၆၄
- ❖ တိုင်းဒေသကြီး/ ပြည်နယ်၊
  ခရိုင်၊ မြို့နယ် ပြန်/ဆက်ဦးစီးဌာနရုံးများ

**ပြန်ကြားရေးဝန်ကြီးဌာန**



## ဒုတိယဝန်ကြီး ဦးလွင်ဦး အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပိုမိုထိရောက်စွာပေးနိုင်ရေး နည်းလမ်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ICRC ဒုတိယဌာနေကိုယ်စားလှယ် Mr. Christophe Ami Leon Taramarcaz တို့ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပန်းတောင်းမြို့၌ မြန်မာအီလက်ထရောနစ်စနစ် မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြခြင်းနှင့် စမ်းသပ်မဲပေးခြင်းပြုလုပ်

**ပန်းတောင်း မေ ၇**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၆ ရက် နံနက်ပိုင်းက မြန်မာအီလက်ထရောနစ်စနစ် မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြခြင်းနှင့် စမ်းသပ်မဲပေးခြင်း ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကားပြောကြားပြီး ပန်းတောင်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အရာရှိ ဒေါ်အိသဇင်ကျော်က မြန်မာအီလက်ထရောနစ်စနစ် မဲပေးစက်ဖြင့် မဲပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများနှင့်တက်ရောက်လာကြသူများက မြန်မာအီလက်ထရောနစ်စနစ်မဲပေးစက်ဖြင့် လက်တွေ့မဲပေးကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ရုံးဦးစီးမှူး ဦးဝေနော်က ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**



## ဆီထွက်သီးနှံအထူးဇုန်များ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး တွေ့ဆုံဆွေးနွေး

**ကျောက်ပန်းတောင်း မေ ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၂၄ - ၂၀၂၅ ခုနှစ် ဆီထွက်သီးနှံ အထူးဇုန်များ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဒေသခံတောင်သူများနှင့်တွေ့ဆုံဆွေးနွေးပွဲကို မေ ၇ ရက်က လက်ပံပျားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

တွေ့ဆုံပွဲတွင် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချရေး စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဆွေဝင်းက အမှာစကားပြောကြားပြီး ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းလွင်က မြေယာကိစ္စများနှင့် ပတ်သက်၍လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးအေးမော်က ဆီထွက်သီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ မြေအသုံးချမှု မှန်ကန်ရေးနှင့် စိုက်ပျိုးရေးနည်းပညာရပ်ဆိုင်ရာကိစ္စများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာသည့် ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ရှင်းလင်းဆွေးနွေးသည်။

တွေ့ဆုံ ဆွေးနွေးပွဲတွင် လက်ပံပျားတိုက်နယ် အတွင်းရှိ လက်ပံပျားအုပ်စု၊ တယ်ပင်တဲအုပ်စု၊ အုံးမှုန့်ရိုးအုပ်စု၊ ရသေ့တောင်အုပ်စု၊ ဝက်သချဉ်အုပ်စု၊ ကျောက်ပုံအုပ်စု အစရှိသည့်ကျေးရွာအုပ်စုများမှ တောင်သူများ တက်ရောက်သည်။ **နေအောင်(ပြန်/ဆက်)**



# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေး တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ကျင်းပရေး တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**အဆိုပြုခေါင်းစဉ်သုံးခုကို ရွေးချယ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့အစည်းအဝေးသည် ပညာရေးညီလာခံ (၂၀၂၄) ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ်အစည်းအဝေးတွင် ညီလာခံဦးတည်ချက် (Main Theme) အတွက် အဆိုပြုခေါင်းစဉ် သုံးခုကို ရွေးချယ်ခဲ့ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဧပြီ ၃၀ ရက်တွင် ကျင်းပသည့် အခြေခံပညာ Grade 12 နှင့် အဆင့်မြင့်ပညာ (တက္ကသိုလ်)သင်ရိုးများ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲ၌ **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးကို ပိုမိုမြှင့်တင်ပေး"** ခေါင်းစဉ်ကို ရွေးချယ်အတည်ပြုပြီးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအလိုက် ကဏ္ဍခြောက်ရပ်အတွက် စာတမ်းခေါင်းစဉ်နှင့်စာတမ်းအကျဉ်းချုပ်များကိုလည်း ရရှိပြီးဖြစ်ပါကြောင်း၊ ပေးပို့လာသည့် စာတမ်းခေါင်းစဉ်များအပေါ် ပြင်ဆင်ဖြည့်စွက်ကာ လိုအပ်သည်များကို ဆွေးနွေးပေးကြစေလိုပါကြောင်း၊ တစ်နှစ်တာ ရေတို/ ရေရှည် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ပတ်သက်၍ ညီလာခံတွင်တင်ပြမည့် Format သတ်မှတ်ရန်နှင့် ပြခန်းများ ပြသရေး ဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေး ဆုံးဖြတ်ချက်များကို အတည်ပြုပြီးနောက် ကျင်းပရေးစီမံချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ လမ်းညွှန်မှုခံယူတင်ပြသွားမည်ဖြစ်ပါကြောင်း၊ စီမံချက် ခွင့်ပြုချက်ရပြီးသည့်အခါ ဦးစီးကော်မတီ အစည်းအဝေး ကျင်းပရန်ရှိပါကြောင်း၊ ပညာရေးညီလာခံ(၂၀၂၄)ကို ယခင်နှစ်ကဲ့သို့ သိုက်သိုက်ဝန်းဝန်းဖြင့် ပြီးမြောက်အောင်မြင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

**အသေးစိတ်ဆွေးနွေးဆုံးဖြတ်ရန်**

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ညီလာခံရည်ရွယ်ချက်၊ ပြခန်းအရွယ်အစားအရေအတွက်နှင့် စာတမ်းခေါင်းစဉ် ၃၆ ခုနှင့် ၂၀၂၃ ခုနှစ် ညီလာခံရှေ့လုပ်ငန်းအစီအမံများ အကောင်အထည်ဖော် ပြီးစီးမှုအခြေအနေ တင်ပြရေးကိစ္စရပ်များကို အသေးစိတ်ဆွေးနွေး ဆုံးဖြတ်ပေးနိုင်ရန် တင်ပြသည်။

**ဝိုင်းဝန်းဆွေးနွေးအကြံပြု**

ထို့နောက် တက်ရောက်လာသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနစသည့် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မိမိတို့ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဖတ်ကြားမည့် စာတမ်းခေါင်းစဉ်များ၊ ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများက ညီလာခံဦးတည်ချက်နှင့် ဆွေးနွေးသင့်သည့် ခေါင်းစဉ်များနှင့်စပ်လျဉ်း၍ အထွေထွေဆွေးနွေးကြကာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး ညှိနှိုင်းအစည်းအဝေး အောင်မြင်စွာပြီးမြောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ TTTC (ဘယ်လင်း)၌ EV ပြုပြင်ထိန်းသိမ်းမှုသင်တန်း (၁/ ၂၀၂၄)နှင့် GTHS (ကျောက်ဆည်)၌ ကာလတိုသင်တန်း ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်

**နေပြည်တော် မေ ၇**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီမှ ချမှတ်ထားသော မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ်(Electric Vehicle ၊ EV) ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာ ပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ သည် ယမန်နေ့နံနက်ပိုင်းက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင် ကောလိပ် TTTC(ဘယ်လင်း) ၌ ကျင်းပသည့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ပြစ်ချက်ရှာဖွေနည်းနှင့် ပြုပြင်ထိန်းသိမ်းမှုသင်တန်း (၁/ ၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။



ဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်တွင် အခြားကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတုဖောက်ပြန်မှု လျော့ချနိုင်ရေး၊ ကာဗွန်ကင်းစင်ရေး၊ ရုပ်ကြွင်းလောင်စာ အသုံးပြုမှုများမှ သက်ရောက်မှုများကို လျော့ချနိုင်ရေး၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရေး၊ စက်သုံးဆီအသုံးစရိတ် လျော့ချနိုင်ရေး၊ လေထု အရည်အသွေးများကို မြင့်မားစေပြီး ပြည်သူများအတွက် သန့်ရှင်းသော လေထုမှတစ်ဆင့် ကျန်းမာရေးကောင်းမွန်စေသည့် ဆုလာဘ်များကိုပါ ရရှိရေးတို့အတွက် EV ကဏ္ဍ ဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိရာတွင် အရည်အသွေးပြည့်မီသော EV နည်းပညာရှင်များကို ပျိုးထောင်ပေးရန်လည်း လိုအပ်သဖြင့် ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြု EV နည်းပညာရှင်များ ဖြစ်စေရေး ရည်မှန်းချက်ထားကာ ကြိုးပမ်းလေ့ကျင့်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

**လေ့ကျင့်သင်ကြားပေးမည်**

ယင်းနောက် ဒုတိယဝန်ကြီးသည် သင်တန်းသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး EV အလုပ်ရုံတွင် အဆင့်မြင့်သင်ထောက်ကူ ပစ္စည်းများဖြင့် သင်တန်းသားများ သင်ယူလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။ အဆိုပါသင်တန်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ UNR 100၊ လျှပ်စစ်ကား၏ ဗို့အားမြင့် မောင်းနှင်ခြင်းစနစ်၊ Battery နည်းပညာ၊ ထိန်းချုပ်မှုစနစ်များ၊ Special Hand Tools၊ လျှပ်စစ်သုံးယာဉ်စနစ် တစ်ခုလုံးအတွက် ပြစ်ချက်ရှာဖွေခြင်း၊ စမ်းသပ်ခြင်း၊ Traction Battery ကို ဖြုတ်ခြင်း၊ တပ်ဆင်ခြင်းနှင့် စမ်းသပ်ခြင်း၊ Electrical Power Train စနစ်ကို ဖြုတ်ခြင်း၊ တပ်ဆင်ခြင်းနှင့် စမ်းသပ်ခြင်းဆိုင်ရာ အကြောင်းအရာများကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အစိုးရနည်းပညာ အထက်တန်းကျောင်း GTHS (ကျောက်ဆည်)သို့ ရောက်ရှိပြီး ကျောက်ဆည်ခရိုင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာနတို့နှင့် ဒုတိယအကြိမ်မြောက် ပူးပေါင်းဖွင့်လှစ်သည့် အခြေခံလျှပ်စစ်သံဂဟေဆက် နည်းပညာသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်းနှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်းများ၏ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး အလုပ်ရုံများတွင် သင်တန်းသားများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ မှာကြားသည်။

**ဘဝရပ်တည်ချက် ခိုင်မာရေး**

အဆိုပါ သင်တန်းများကို ဒေသတွင်း MSME လုပ်ငန်းများအတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်၊ ကျေးလက်နေ ပြည်သူများ အသိပညာ၊ အတတ်ပညာများ မြင့်မားလာပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ လူငယ်များ ဘဝရပ်တည်ချက် ခိုင်မာစေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရန်နှင့် နိုင်ငံတော်က အားထားရသည့် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များပေါ်ထွန်းလာစေရန်တို့အတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် နွေရာသီကျောင်းပိတ်ကာလဖြစ်၍ ကျောင်းသားများ စုစုပေါင်း သင်တန်းသား ၅၀ ခန့် တက်ရောက်ကြကြောင်းနှင့် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားရန်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၇-၅-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီ ဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | မြဝတီ | ၄၂.၃ | ၁၀၈.၁ |
| ၂။ | ဇောင်းတူ | ၄၁.၄ | ၁၀၆.၅ |
| ၃။ | သာယာဝတီ | ၄၁.၂ | ၁၀၆.၂ |
| ၄။ | ငါးသိုင်းချောင်း | ၄၁.၂ | ၁၀၆.၂ |
| ၅။ | တောင်တွင်းကြီး | ၄၁.၀ | ၁၀၅.၈ |
| ၆။ | ဟသ်ာတ | ၄၁.၀ | ၁၀၅.၈ |
| ၇။ | ပဲခူး | ၄၀.၈ | ၁၀၅.၄ |
| ၈။ | ကြို့ပင်ကောက် | ၄၀.၇ | ၁၀၅.၃ |
| ၉။ | ရွှေကျင် | ၄၀.၆ | ၁၀၅.၁ |
| ၁၀။ | သိမ်ဇရပ် | ၄၀.၆ | ၁၀၅.၁ |

# ၂၀၂၄ ခုနှစ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဇီဝဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ ၈၃ ဦးနှင့် ဘောဂဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ ၁၉၄ ဦးရှိ

**နေပြည်တော်  မေ  ၇**

နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပြီး ကျင်းပပြီးစီးခဲ့သည့် ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင်ဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ စာမေးပွဲဖြေဆိုခွင့်မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား၊ ကျောင်းသူများကို အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့်အတူ သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား၊ ကျောင်းသူများကို စုစည်းခေါ်ယူ၍ စာမေးပွဲဖြေဆိုစေလျက်ရှိသည်။

အဆိုပါ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် ဇီဝဗေဒဘာသာရပ်၌ ဖြေဆိုရန်စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၂၅ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၈၃ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၆၆ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ဘောဂဗေဒဘာသာရပ်၌ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၄၁၀ ရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၉၄ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၄၇ ဒသမ ၃၂ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

### အခြေခံပညာဦးစီးဌာန ၂၀၂၄ ခုနှစ်၊ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်သည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် - ဇီဝဗေဒ

ရက်စွဲ၊ ၆ - ၅ - ၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၂ | ကယား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၃ | ၇ | ၁၀ | ၂ | ၇ | ၉ | ၁ | ၀ | ၁ | ၉၀.၀၀% | ၁၀.၀၀% | |
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၀ | ၄ | ၄ | ၀ | ၂ | ၂ | ၀ | ၂ | ၂ | ၅၀.၀၀% | ၅၀.၀၀% | |
| ၆ | တနင်္သာရီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၇ | ပဲခူး(ရှေ့) | ၁ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၉ | မကွေး | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၀ | မန္တလေး | ၃ | ၃ | ၃ | ၇ | ၁၆ | ၂၃ | ၅ | ၁၂ | ၁၇ | ၂ | ၄ | ၆ | ၇၃.၉၁% | ၂၆.၀၉% | |
| ၁၁ | မွန် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၂၁ | ၂၉ | ၅၀ | ၉ | ၉ | ၁၈ | ၁၂ | ၂၀ | ၃၂ | ၃၆.၀၀% | ၆၄.၀၀% | |
| ၁၃ | ရန်ကုန် | ၁ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၁ | ၁ | ၁ | ၁ | ၄ | ၅ | ၁ | ၄ | ၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၇ | ၂၂ | ၂၉ | ၇ | ၂၁ | ၂၈ | ၀ | ၁ | ၁ | ၉၆.၅၅% | ၃.၄၅% | |
| ၁၆ | ရှမ်း(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၇ | ဧရာဝတီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၈ | နေပြည်တော် | ၁ | ၁ | ၁ | ၁ | ၁ | ၂ | ၁ | ၁ | ၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၁ | ၁၁ | ၁၁ | ၄၀ | ၈၅ | ၁၂၅ | ၂၅ | ၅၈ | ၈၃ | ၁၅ | ၂၇ | ၄၂ | ၆၆.၄၀% | ၃၃.၆၀% | |

### အခြေခံပညာဦးစီးဌာန ၂၀၂၄ ခုနှစ်၊ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်သည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် - ဘောဂဗေဒ

ရက်စွဲ၊ ၆- ၅ - ၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၁ | ၁ | ၁ | ၄ | ၃ | ၇ | ၀ | ၃ | ၃ | ၄ | ၀ | ၄ | ၄၂.၈၆% | ၅၇.၁၄% | |
| ၂ | ကယား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၅ | ၂၄ | ၃၉ | ၈ | ၁၇ | ၂၅ | ၇ | ၇ | ၁၄ | ၆၄.၁၀% | ၃၅.၉၀% | |
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၆ | ၃ | ၉ | ၃ | ၀ | ၃ | ၃ | ၃ | ၆ | ၃၃.၃၃% | ၆၆.၆၇% | |
| ၆ | တနင်္သာရီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၇ | ပဲခူး(ရှေ့) | ၁ | ၁ | ၁ | ၀ | ၂ | ၂ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၉ | မကွေး | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၀ | မန္တလေး | ၂ | ၂ | ၂ | ၂၀ | ၂၁ | ၄၁ | ၁၂ | ၁၂ | ၂၄ | ၈ | ၉ | ၁၇ | ၅၈.၅၄% | ၄၁.၄၆% | |
| ၁၁ | မွန် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၁၀၇ | ၁၇၅ | ၂၈၂ | ၃၇ | ၇၄ | ၁၁၁ | ၇၀ | ၁၀၁ | ၁၇၁ | ၃၉.၃၆% | ၆၀.၆၄% | |
| ၁၃ | ရန်ကုန် | ၁ | ၁ | ၁ | ၃ | ၄ | ၇ | ၃ | ၄ | ၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၉ | ၁၃ | ၂၂ | ၆ | ၁၂ | ၁၈ | ၃ | ၁ | ၄ | ၈၁.၈၂% | ၁၈.၁၈% | |
| ၁၆ | ရှမ်း(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၇ | ဧရာဝတီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၈ | နေပြည်တော် | ၁ | ၁ | ၁ | | ၁ | ၁ | | ၁ | ၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀ | ၁၀ | ၁၀ | ၁၆၄ | ၂၄၆ | ၄၁၀ | ၆၉ | ၁၂၅ | ၁၉၄ | ၉၅ | ၁၂၁ | ၂၁၆ | ၄၇.၃၂% | ၅၂.၆၈% | |

# အလင်းမှအလင်းသို့ရှေးရှု၊ တောက်ပအနာဂတ် တို့ပြိုင်တူ

ဒေါက်တာမြတ်မိုး

အနေနီးသည်။ ဆယ်စုနှစ်တစ်ခုချီ သိက္ခမ်းရင်းနှီးခင်မင်သူ လုပ်ဖော်ကိုင်ဖက်တစ်ဦး ဖြစ်ပေမယ့် သူ့ကို လူရည်ချွန်တစ်ဦးဖြစ်ခဲ့မှန်း မသိခဲ့၊ သတိပင်မထားမိခဲ့။ လူရည်ချွန်တစ်ဦးဖြစ်ခဲ့သည်ကို ဆိုရှယ်မီဒီယာတစ်ခုမှာ အရိပ်အမြွက်မျှ သိရတော့မှသာ အရိပ်ပြအကောင်ထင်ခဲ့ရသည်။

၁၉၈၇ ခုနှစ်ကတည်းက လူရည်ချွန်တစ်ဦးဖြစ်ခဲ့ကြောင်းသိရသည်နှင့် သူ့ကို လူရည်ချွန်တစ်ဦးတွင် ရှိသင့်ရှိထိုက်သော အခြေခံကိုယ်ရည်ကိုယ်သွေး အရည်အချင်းများဖြင့် ချိန်ထိုးကြည့်မိသည်။ အသက်အရွယ် အပိုင်းအခြား လုပ်ငန်းအတွေ့အကြုံ အပေါ်မူတည်ပြီး ရင့်ကျက်မှုတစ်ခုရှိလာသည်မှလွဲ၍ အခြေခံစိတ်ဓာတ်များ ဘာမှပြောင်းလဲမသွားခဲ့။ ယနေ့ သူ့စိတ်ဓာတ်၊ ရိုးသားဖြောင့်မတ်မှုနှင့် ကျိုးနွံနာခံတတ်မှု၊ တစ်ပါးသူကို စာနာကူညီတတ်သည့် ကိုယ်ရည်ကိုယ်သွေးနှင့် ရည်မှန်းချက်ပြီးမြောက်အောင် လုပ်နိုင်စွမ်းသည့် လုပ်ငန်းစွမ်းဆောင်ရည်၊ လူ့အဖွဲ့အစည်းနှင့် ဌာန၊ နိုင်ငံအပေါ် အပြုသဘောဆန်ပြီး ကောင်းစေလိုသည့် ခံယူချက်များကိုကြည့်၍ လူရည်ချွန်စိတ်ဓာတ်နှင့် လူရည်ချွန်ဖြစ်ခဲ့သူတစ်ဦးဖြစ်ကြောင်း သိသာသွားသည်။



လူရည်ချွန် ကျောင်းသား ကျောင်းသူများ နေပြည်တော် အမျိုးသားပြတိုက်အတွင်းရှိ သမိုင်းဝင် အထိမ်းအမှတ်ပြခန်းများအား ဧပြီ ၂၅ ရက်က လေ့လာကြည့်ရှုကြစဉ်။

### အခက်အခဲများနှင့်အတူ ကြိုးစားပြင်ဆင်ထားနိုင်မှသာ

ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်ဟူ၍ အတန်းအစားမရွေး လူရည်ချွန်တစ်ယောက်ဖြစ်လာရန် မလွယ်ကူလှပါ။ လူ(လူကောင်းလူမွန် )၊ ရည် (စွမ်းရည်)၊ ချွန် (ထူးချွန် ) အဓိပ္ပာယ်သတ်မှတ်ချက် အပြည့်ဖြစ်ရန်မှာ ကာယ၊ ဉာဏ၊ စာရိတ္တစွမ်းရည်များမှာ ဘက်စုံထူးချွန်သူ လူကောင်းလူမွန်ဖြစ်ရသည်။ ထို့ကြောင့် မိမိနှင့်ပဲ နှိုင်းယှဉ်ကြည့်မိသည်။ လူငယ်ကျောင်းသားဘဝ လူရည်ချွန်စာမေးပွဲမှာ စာဘက်၊ စာရိတ္တဘက်မှလွဲ၍ ကျန်ကာယ စသည့် အပိုင်းများ၌ အထွေထွေအားနည်းချက်များရှိခဲ့သည့် မိမိအဖို့ ရွေးချယ်ခြင်းမခံရ၊ လွဲချော်ခဲ့ဖူးသည်ကို အမှတ်ရမိသည်။

မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဗဟုသုတရေးဖြေနှင့် ဘဝတစ်သက်စာ သိမှတ်စရာ၊ စာရိတ္တ၊ လောကနီတိ၊ မြန်မာ့ယဉ်ကျေးမှု နှုတ်ဖြေအပြင် ကာယကြံ့ခိုင်မှုအပါ ဆန်းစစ်အကဲဖြတ်မှုများစွာကို ကျော်ဖြတ်ရသည်။ ထို့ကြောင့်လည်း ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ဓာတ်၊ စည်းကမ်း၊ ဗဟုသုတ နယ်ပယ်အစုံတွင် ကျောင်းအဆင့်၊ မြို့နယ်အဆင့် ရေးဖြေနှုတ်ဖြေ အဆင့်ဆင့်ဆန်းစစ်မှုမျိုးစုံဖြင့် ဘက်စုံထူးချွန်၍ တော်လွန်း ကောင်းလွန်း၍သာ လူရည်ချွန်ဖြစ်ခဲ့ဖူးသူ၊ ယနေ့ဖြစ်နေကြသူ လူငယ်မောင်မယ်အားလုံးကို လေးစားတန်ဖိုးထား ဂုဏ်ပြုလိုက်ရခြင်း ဖြစ်သည်။

တချို့ နှစ်ထပ်ကွမ်း၊ သုံးထပ်ကွမ်းအထိ ထူးချွန်သူများပါသည်ကို တွေ့ရသည်။ လူရည်ချွန်အဖြစ် ရွေးချယ်ခံရရန်သည် အလွန်ခက်ခဲပါသည်။ အခြားအခြားသော အကောင်းဆုံး၊ အတော်ဆုံး ကျောင်းသားများနှင့် ယှဉ်ပြိုင်အရွေးချယ်ခံရရန် မူလ ကျောင်းစာများအပြင် အခြားသုတပညာရပ်စာပေများကိုလည်း လေ့လာဆည်းပူးထားရသည်။ ကိုယ်ကာယကျန်းမာကြံ့ခိုင်ရန် နေ့စဉ် အချိန်ပေးကာ နည်းစနစ်မှန်မှန်ဖြင့် အားကစားနည်းများကို လေ့ကျင့်ထားရမည်ထင်သည်။

ပြောမှား၊ ဆိုမှားမဖြစ်အောင်နှင့် အကျင့်စာရိတ္တပိုင်းမှာလည်း အမှားအယွင်းမရှိအောင် စည်းကမ်းရှိရှိ သတိထားနေထိုင်ကြရသည်။ ကံကောင်းဖို့ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးလည်း မေ့လျော့ကြမည်မထင်။ ဉာဏ်ကောင်း စာတော်ရုံတင်မပြီး ပေါင်းသင်းဆက်ဆံရေးပါကောင်းသည့် မိတ္တဗလ လူငယ်များလည်း ဖြစ်ရသည်။ ထိုသို့ ကိုယ်တိုင် နှစ်ရှည်လများ အချိန်ယူကြိုးစားအားထုတ်ခဲ့ရသည့် သူတို့ကို နိုင်ငံတော်ကလည်း ခေတ်အဆက်ဆက် တန်ဖိုးထား လေးစားဂုဏ်ယူလျက်ရှိပါသည်။ ထို့ကြောင့် ၁၉၆၄ ခုနှစ်မှသည် ယနေ့ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တိုင် ကိုဗစ်-၁၉ ကပ်ရောဂါကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ရပ်နားခဲ့ရသည့် အချို့နှစ်ကာလများကလွဲ၍ "ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်း" "လူရည်ချွန်စီမံကိန်း" များဖြင့် လူရည်ချွန်များကို မပြတ်မွေးထုတ်ပေးနေခဲ့ခြင်းဖြစ်သည်။

### စံနမူနာပြ မျှဝေတတ်ပြီး အတ္တနည်းသော အသိအမှတ်ပြုခံထိုက်သူများ

လူရည်ချွန်များကို နိုင်ငံနှင့်ပြည်သူက တန်ဖိုးထားသည့်အတွက် နှစ်စဉ် လေ့လာရေးခရီးစဉ်များ စီစဉ်၍ စေလွှတ်ပေးနေခြင်းဖြစ်သည်။ ရှေးဟောင်းအမွေအနှစ် ပုဂံဒေသ၊ ပင်လယ်ကမ်းခြေစခန်း ငွေဆောင်နှင့် ချောင်းသာ၊ ရှမ်းပြည်နယ် တောင်ပေါ် တောင်ကြီးဒေသများသည် ယခုနှစ် လူရည်ချွန်များအတွက် သုတအစုံနှင့် စိတ်ဝင်စားဖွယ် အတိပြီးသော လေ့လာစရာနေရာများပင်ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးဒေသခံတို့၏ လူမှုစီးပွားဘဝများကို လေ့လာခွင့်လည်းရ၊ အသိပညာနှင့် ဒေသန္တရဗဟုသုတလည်းတိုး၊ စုပေါင်းဆောင်ရွက်တတ်မှု အပြင် လူရည်ချွန်အချင်းချင်း ခင်မင်ရင်းနှီးပြီး မိတ်ဆွေလည်းတိုးပွားကာ အပန်းလည်းပြေ၊ ဘုရားလည်းဖူးရန် ရည်ရွယ်ချက်များဖြင့် ဤသို့ခရီးစဉ်များ ဖန်တီးပေးထားခြင်း ဖြစ်သည်။

ထိုမှတစ်ဆင့် မိမိတို့၏ဂုဏ်ဒြပ်ကို ပို၍တန်ဖိုးထား၊ မိမိတို့ရိုးရာယဉ်ကျေးမှုနှင့် မိမိနိုင်ငံ၊ မိမိလူမျိုးချစ်စိတ်ကို ပိုကိန်းအောင်းလာစေရန်ဟူသော ရည်ရွယ်ချက်များလည်း ပါဝင်သည်။ လေ့လာရေးခရီးစဉ်အတွင်း လူရည်ချွန်များ အေးချမ်းပျော်ရွှင်စွာသွားလာနေထိုင် စားသောက်နိုင်ရေး၊ ကျန်းမာရေးဘေးကင်းလုံခြုံရေး၊ ကြိုဆိုရေး၊ ဖျော်ဖြေရေးမှအစ အစစအရာရာပြည့်စုံအောင် တာဝန်ရှိသူများဘက်က စီစဉ်ပေးကြသည်ဟု သိရှိရသည်။

လူရည်ချွန်များအပါအဝင် ယနေ့လူငယ်များအားလုံးကို နိုင်ငံက တန်ဖိုးထားသည့် အားလျော်စွာ ငြိမ်းချမ်းရေးကို လိုလားပြီး ဖွံ့ဖြိုးတိုးတက်လိုသော ပြည်သူများကလည်း ၎င်းတို့ကို များစွာမျှော်လင့်လျက်ရှိနေကြသည်ဆိုသည်ကို တင်ပြလိုသည်။ အားလုံးသိသည့်အတိုင်း နိုင်ငံက မငြိမ်းချမ်း၊ မအေးချမ်း၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် အတော်အားယူနေရသည့်အခြေအနေဖြစ်သည်။ လက်ရှိအခြေအနေအရ တစ်ဦးချင်းအကျိုးစီးပွားအပြင် လူ့အဖွဲ့အစည်း အကျိုးစီးပွားကိုပါ ကြည့်တတ်၊ မြင်တတ်သည့် လူ့အရင်းအမြစ်တစ်ခုဖြစ်တည်ရန် အထူးလိုအပ်နေသည်။ ယခုကာလသည် တတ်အောင်သင်ပြီး ပညာလည်းတတ်၊ အမြော်အမြင်လည်းရှိ၊ ပညာနှင့် ထိန်းကျောင်းနိုင်စွမ်းသည့် စွမ်းပကားများ အရေးတကြီး လိုအပ်နေသောကာလဖြစ်သည်။ ထို့ကြောင့် နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာရှိသော နိုင်ငံချစ် လူငယ်များကို ယနေ့လူရည်ချွန်စီမံကိန်းများက မွေးထုတ်ပေးနိုင်ရန် မျိုးဆက်သစ်လူငယ်များကို အလွန်မှ အားထားနေကြခြင်းဖြစ်သည်။

ထူးချွန်စာရင်းဝင်မှမဟုတ်၊ ယနေ့အကျပ်အတည်းများအောက်မှာ ပညာသင်ကြားနေရသော မိသားစုတာဝန်၊ လူမှုတာဝန်၊ နိုင်ငံ့တာဝန်ထမ်းရွက်နေကြသော လူငယ်အားလုံးကိုပါ အားပေးစကားပါးချင်သည်။ အထူးသဖြင့် လမ်းမမှားကြဖို့ဖြစ်သည်။ လူရည်ချွန်ဖြေခွင့်ရသော်လည်း အရွေးချယ်မခံရသော ကျောင်းသား ကျောင်းသူများစွာ ရှိပါလိမ့်မည်။ ကြိုးစားလျှင် ဘာမဆိုဖြစ်နိုင်သည်ကို နှလုံးမူ၍ စိတ်ဓာတ်မကျဖို့၊ ဆက်လက်ကြိုးစား အားထုတ်နေဖို့၊ ဝီရိယမလျှော့ဖို့ တိုက်တွန်းအားပေးလိုပါသည်။ အချင်းချင်းလည်း ဖေးမကူညီအားဖြည့်ပေးရမည်ဖြစ်သလို မိမိတို့ကိုယ်တိုင်ကလည်း အားလုံးက စံနမူနာယူရသော၊ အတုယူအားကျရသော စံပြလူငယ် စံပြကျောင်းသားများဖြစ်အောင် ကြိုးစားနေထိုင်ရပါမည်။ သို့မှသာ မျိုးဆက်တစ်ခုပြီးတစ်ခု အကောင်းတွေကို မှန်ကန်စွာမျှဝေတတ်သော အတ္တနည်းသူများအဖြစ် အသိအမှတ်ပြုရာရောက်ပါမည်။

*စာမျက်နှာ ၁၁ သို့*

■ **လူရည်ချွန်များကို နိုင်ငံနှင့်ပြည်သူက တန်ဖိုးထားသည့်အတွက် နှစ်စဉ်လေ့လာရေးခရီးစဉ်များ စီစဉ်၍ စေလွှတ်ပေးနေခြင်းဖြစ်သည်။ ရှေးဟောင်းအမွေအနှစ် ပုဂံဒေသ၊ ပင်လယ်ကမ်းခြေစခန်း ငွေဆောင်နှင့် ချောင်းသာ၊ ရှမ်းပြည်နယ် တောင်ပေါ် တောင်ကြီးဒေသများသည် ယခုနှစ်လူရည်ချွန်များအတွက် သုတအစုံနှင့် စိတ်ဝင်စားဖွယ် အတိပြီးသော လေ့လာစရာနေရာများပင်ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးဒေသခံတို့၏ လူမှုစီးပွားဘဝများကို လေ့လာခွင့်လည်းရ၊ အသိပညာနှင့် ဒေသန္တရဗဟုသုတလည်းတိုး၊ စုပေါင်းဆောင်ရွက်တတ်မှုအပြင် လူရည်ချွန်အချင်းချင်း ခင်မင်ရင်းနှီးပြီး မိတ်ဆွေလည်းတိုးပွားကာ အပန်းလည်းပြေ၊ ဘုရားလည်းဖူးရန် ရည်ရွယ်ချက်များဖြင့် ဤသို့ခရီးစဉ်များ ဖန်တီးပေးထားခြင်းဖြစ်သည်**

## ဥပဒေရေးရာဝန်ကြီးဌာနက ၂၀၂၃ ခုနှစ်၊ ဥပဒေများစာအုပ်ထုတ်ဝေ

**နေပြည်တော် မေ ၇**

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စု ရှေ့နေချုပ်ဥပဒေပုဒ်မ ၃၅ အရ ဥပဒေ စာအုပ်များ၊ ဥပဒေလက်စွဲစာအုပ်များ ပြုစုခြင်းနှင့် ထုတ်ဝေခြင်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ နှစ်စဉ်ပြဋ္ဌာန်းခဲ့သော ဥပဒေများကို စုစည်း၍ နှစ်အလိုက် ဥပဒေစာအုပ်များ ထုတ်ဝေခဲ့ပြီး ယခုအခါ ၂၀၂၃ ခုနှစ်၊ ဥပဒေများစာအုပ်ကို ထုတ်ဝေပြီးဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဥပဒေများစာအုပ်သည် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီက ပြဋ္ဌာန်းခဲ့သော ဥပဒေများကို စုစည်း၍ စာအုပ်ထုတ်ဝေခြင်းဖြစ်ပြီး စာအုပ်တွင် ဥပဒေပေါင်း (၅၆) ခု ပါဝင်သည်။

အဆိုပါ ၂၀၂၃ ခုနှစ်၊ ဥပဒေများ စာအုပ်သည် တရားဝင် ရည်ညွှန်းကိုးကားနိုင်သည့် စာအုပ်ဖြစ်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာ လေ့လာလိုသူများအတွက် အသုံးဝင် သော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည့်အပြင် စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
က
ပြဋ္ဌာန်းထုတ်ပြန်ခဲ့သော
ဥပဒေများ
(၂၀၂၃ ခုနှစ်)
ဥပဒေရေးရာဝန်ကြီးဌာနကထုတ်ဝေသည်။
၂၀၂၃ ခုနှစ်

## မြစ်ကြီးနားမြို့၌ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား အခမဲ့ ခွဲစိတ်ကုသ

**မြစ်ကြီးနား မေ ၇**

ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး သွားနှင့် ခံတွင်းကုသဆောင်ရှိ ခွဲစိတ်ခန်းမကြီး၌ မေ ၆ ရက်မှ ၉ ရက်အထိ ကျန်းမာရေးဝန်ကြီးဌာန ကုသရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး(သွားကျန်းမာ)ပါမောက္ခ ဒေါက်တာ ခင်မောင်ဦးဆောင်၍ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာ များအား အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် မြစ်ကြီးနားမြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွား ၇၃ ဦးအား သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ ကုသပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## မြန်မာစာ မြန်မာစကား

### အက္ခရာနှင့်ကိန်းဂဏန်းရေးဆွဲပုံ

**မြန်မာစာကို နေ့တိုင်းရေးနေကြသည်။ မြန်မာစကားကို နေ့တိုင်းပြောနေကြသည်။ သို့သော် အမှတ်မဲ့သော်လည်းကောင်း၊ အမှတ်မှား၍သော်လည်းကောင်း၊ အမှား၊ အမှန် မကွဲပြား၍သော်လည်းကောင်း အသံထွက်ပုံထွက်နည်း မှားယွင်းကြသည်။ အက္ခရာရေးဆွဲပုံ၊ ရေးဆွဲနည်း လွဲနေတတ်သည်။**

မြန်မာအက္ခရာများအနက် ဠ၊ ဋ၊ ဍ၊ ဃ၊ ဎ၊ အ အက္ခရာများကို ရေးဆွဲရာ၌ မှားတတ်သည်။

ထိုအက္ခရာများကို ဆင့်ရေးရသော အခါ သတိမထားမိလျှင် ပိုမှားနိုင်သည်။ အက္ခရာဆင့်ပုံစနစ်ကို သိထားလျှင် ထိုအမှတ်မဲ့ အမှားမျိုးမှ ကင်းနိုင်သည်။

ထိုနည်းတူ မြန်မာကိန်းဂဏန်းများကို ရေးဆွဲရာမှာလည်း မှန်ကန်ပီသရန် လိုသည်။ သို့မဟုတ်ပါက ကိန်းဂဏန်းအချင်းချင်း သော်လည်းကောင်း၊ အက္ခရာတစ်ခုခုနှင့် သော်လည်းကောင်း မှားတတ်သည်။



(မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။)

*စာမျက်နှာ ၁၀ မှ*

### တည်ဆောက်ရေးအမြင်ဖြင့် ပညာရှင်ခေါင်းဆောင်များဖြစ်ကြရန်

ယနေ့လိုအပ်နေသည့် ပညာအခြေခံသည့် ရိုးသားဖြောင့်မတ်မှုဂုဏ် အပြည့်ပါသော လူ့အဖွဲ့အစည်းသစ်တစ်ရပ်ကို လူငယ်များ၏ အားဖြင့်သာ တည်ဆောက်ရမည်ဆိုသည်ကို အစဉ်သတိရှိကာ နိုးကြားတက်ကြွမှုရှိနေရပါမည်။ သို့မှသာ ပို၍ ပို၍ ကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ်ကို ရရှိပိုင်ဆိုင်လာပေမည်။ အကျင့်စာရိတ္တကောင်းကောင်းဖြင့် တက်ကြွထက်သန်သည့် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသော လူတန်းစားတစ်ရပ်သည် တိုင်းပြည်တည်ဆောက်ရေးတွင် မရှိမဖြစ်လိုအပ်သည်ဟု အားလုံးက လက်ခံထားကြသည်ဖြစ်ရာ ယနေ့ လူငယ်မျိုးဆက်များသည် တော်လည်းတော်၊ ကောင်းလည်းကောင်းသည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ကို ဖြစ်ရပါမည်။ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဗလဟူသည့် ငါးတန်သော စွမ်းအားဖြင့် ယနေ့လူငယ်တို့သည် မိမိတို့တစ်ဦးချင်းစီ၏ ဘဝကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ထားနိုင်ကြရမည်။

သို့မှသာ မိမိ မိသားစု၊ မိမိအတန်း၊ မိမိကျောင်း၊ မိမိပတ်ဝန်းကျင်နှင့် မိမိတိုင်းပြည်ကို စုစည်းတည်ဆောက်နိုင်မည့်သူများဖြစ်ကာ နိုင်ငံကလည်း မိမိတို့ကို တစ်ဖန် အားကိုးအားထားပြုနိုင်သူများအဖြစ် ယုံကြည်ချက်များ ရရှိလာမည်ဖြစ်သည်။ ဤသည်ပင် နိုင်ငံတည်ဆောက်ရေးအမြင်တစ်ခုဖြစ်လာပါမည်။ ဘက်စုံထူးချွန်မှုဖြင့် နိုင်ငံနှင့် လူ့အဖွဲ့အစည်းများကို ညီညွတ်အောင် စုစည်းနိုင်စွမ်းသော နိုင်ငံတည်ဆောက်ရေးအမြင်ရှိသူသည် အားကိုးထိုက်သော အနာဂတ်ခေါင်းဆောင်များအဖြစ် မျှော်လင့်နိုင်ပါသည်။ ထို့ကြောင့် ယနေ့လူငယ်များသည် ဤနေရာမှာတင် စိတ်ဓာတ်မပျက်၊ အားမလျှော့၊ ရပ်တန့်မနေကြဘဲ ပညာကိုဆုံးခန်းတိုင်အောင် သင်ယူကြဖို့လိုအပ်သလို မိမိကိုယ်ကာယကိုလည်း ကျန်းမာကြံ့ခိုင်သန်စွမ်းအောင် အားကစားနည်းများဖြင့် အစဉ်လေ့ကျင့်ပြီး ကျန်းမာရေးကို ဂရုစိုက်ကြရပါမည်။



တောင်ကြီး လူရည်ချွန်စခန်း ဒသမတန်း လူရည်ချွန်မောင်မယ်များ ဧပြီ ၃၀ ရက်က ဟဲယာရွာမကျေးရွာရှိ စိန်သမာဓိ ငွေပန်းထိမ်လုပ်ငန်းသို့ ရောက်ရှိကြပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုလေ့လာကြစဉ်။

သင်ယူပြီး အသိအတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် ထိထိရောက်ရောက် အသုံးချပြီး သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက် စာများများဖတ်၊ စဉ်ဆက်မပြတ် လေ့လာဆည်းပူးကာ ပညာရှင်အဖြစ်ကို ခံယူနိုင်ဖို့ကြိုးစားကြရမည်။ ထို့ပြင် တစ်ဟုန်ထိုး မြန်ဆန်စွာ တိုက်စားလာသော မသင့်သောယဉ်ကျေးမှုရေအလျဉ်မှာ စီးပါမသွားဘဲ မိမိတို့ကိုယ်ပိုင်လူမှုယဉ်ကျေးမှု ဓလေ့အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းသော နိုင်ငံ့သားကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားရပါမည်။

ယနေ့ပစ္စုပ္ပန်ထက် အနာဂတ်ဘဝတွေမှာ ပိုပြီးအားကောင်း၊ ပိုပြီးလှပဖို့ လိုအပ်နေသည်မဟုတ်ပါလား..၊ ထိုသို့ကြိုးစားကြခြင်းဖြင့်သာ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ပို၍ပို၍တော်လာကာ မြင့်သည်ထက်မြင့်လာမည်ဟု ယုံကြည်ထားပါသည်။ ရှေ့လူထက် နောက်လူက ပိုတော်သည်၊ ဆရာထက်တပည့်က ပိုတတ်ကြောင်း တိုင်းတာနိုင်သည့်ပေတံရှိသည့် ဝန်းကျင်ကသာလျှင် "ဖွံ့ဖြိုးမှု" နှင့် "တိုးတက်ကြီးပွားမှု" ဟူသော ဂုဏ်ပုဒ်နှင့် ပြည့်စုံသည်ဆိုသည်ကို သတိပြုရပါမည်။ မိမိမှာပိုင်ဆိုင်ပြီးသား ရိုးသားမှု၊ ဖြောင့်မတ်မှုနှင့် အကျင့်စာရိတ္တကောင်း၊ အနစ်နာခံ အများအကျိုး သယ်ပိုးလိုစိတ်နှင့် တက်ကြွလန်းဆန်းမှု၊ အမျိုးဘာသာ သာသနာကိုချစ်မြတ်နိုးစိတ် စသည့် ထိုထိုဂုဏ်ဒြပ်များကို မယုတ်မလျော့အောင် အနာဂတ်မျိုးဆက် အဆက်ဆက်တိုင် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဟူသော ခံယူချက်များ ထားရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းပါသည်။

ဤမျှော်လင့်ချက်ဖြင့် ယခင်လူရည်ချွန်ဖြစ်ခဲ့သူများရော ယနေ့လူရည်ချွန် လူရည်မွန်များ၊ ကျောင်းသား ကျောင်းသူ လူငယ်ထုအားလုံးကိုပါ တန်ဖိုးထားလေးစားသမှုဖြင့် အားပေးဂုဏ်ပြုလိုက်ရပါသည်။ ။

**❂ ယနေ့လိုအပ်နေသည့် ပညာအခြေခံသည့် ရိုးသားဖြောင့်မတ်မှုဂုဏ် အပြည့်ပါသော လူ့အဖွဲ့အစည်းသစ်တစ်ရပ်ကို လူငယ်များ၏ အားဖြင့်သာ တည်ဆောက်ရမည်ဆိုသည်ကို အစဉ်သတိရှိကာ နိုးကြားတက်ကြွမှုရှိနေရပါမည်။ သို့မှသာ ပို၍ပို၍ကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ်ကို ရရှိပိုင်ဆိုင်လာပေမည်။ အကျင့်စာရိတ္တကောင်းကောင်းဖြင့် တက်ကြွထက်သန်သည့် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသော လူတန်းစားတစ်ရပ်သည် တိုင်းပြည်တည်ဆောက်ရေးတွင် မရှိမဖြစ်လိုအပ်သည်ဟု အားလုံးက လက်ခံထားကြသည်ဖြစ်ရာ ယနေ့ လူငယ်မျိုးဆက်များသည် တော်လည်းတော်၊ ကောင်းလည်းကောင်းသည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ကိုဖြစ်ရပါမည်။ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဗလဟူသည့် ငါးတန်သော စွမ်းအားဖြင့် ယနေ့လူငယ်တို့သည် မိမိတို့တစ်ဦးချင်းစီ၏ဘဝကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ထားနိုင်ကြရမည်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ် (၁၅)၊ အဆင့်မြင့်အရာထမ်း သင်တန်းအမှတ်စဉ်(၁၇)၊ အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲအခမ်းအနားများ ကျင်းပ

**နေပြည်တော် မေ ၇**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ် (၁၅)၊ အဆင့်မြင့်အရာထမ်း သင်တန်း အမှတ်စဉ် (၁၇) တို့၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ယင်း တက္ကသိုလ်၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ဥက္ကဋ္ဌရုံးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်း သား သင်တန်းသူများ တက်ရောက်ကြသည်။



**အကြီးအမှူးကောင်းများ ပေါ်ထွက်လာစေရေး**

ဦးစွာ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က အဆင့်မြင့် အရာရှိကြီးများအနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်မှု ယန္တရားအတွင်း သိရှိနားလည်ထားသင့်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတများကို သိရှိနားလည်စေရန်၊ မိမိတာဝန်ယူရသော စီမံခန့်ခွဲမှု အုပ်ချုပ်ရေးကဏ္ဍတို့တွင် ဦးဆောင်နိုင်မှု စွမ်းရည်မြင့်မားလာစေရန် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်၏ အဆင့်မြင့် တာဝန်များကို အောင်မြင်စွာ သယ်ပိုးထမ်းရွက်နိုင်မည့် အနာဂတ်ဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူးကောင်းများ ပေါ်ထွက်လာစေရေးအတွက် ပျိုးထောင်လေ့ကျင့်ပေးရန် ရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရသည် ရေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ဖြင့် နိုင်ငံတော် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံ့ဝန်ထမ်းများသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ လက်ရှိကာလတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်နှင့် နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများကို လျင်မြန်စွာ အကောင်အထည်ဖော်ချိန် ဖြစ်သည့်အတွက် မိမိတို့ တတ်စွမ်းသည့်ဘက်မှ အားဖြည့်လုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

**သင်တန်းကာလ ရက်သတ္တရှစ်ပတ်ကြာမြင့်**

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၅) သို့ သင်တန်းသား ၁၆ ဦး၊ သင်တန်းသူ ခုနစ်ဦး စုစုပေါင်း၂၃ ဦးနှင့် အဆင့်မြင့်အရာထမ်း သင်တန်း အမှတ်စဉ်(၁၇)သို့ သင်တန်းသား ၂၀၊ သင်တန်းသူ ၁၈ဦး စုစုပေါင်း ၃၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၆ ရက်မှ ဇွန် ၂၈ ရက်အထိ ရက်သတ္တရှစ်ပတ် ကြာမြင့်မည်ဖြစ်သည်။

ထို့ပြင် အုပ်ချုပ်မှုစွမ်းရည် မြင့်မားရေး သင်တန်းအမှတ်စဉ် (၇) ၏ သင်တန်းဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က ယခုဖွင့်လှစ်သော သင်တန်းသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်၊ ယုံကြည်ချက်၊ စိတ်နေသဘောထား ပိုမိုကောင်းမွန်လာစေရန်၊ နိုင်ငံ့ဝန်ထမ်းများ သိရှိထားရမည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို နားလည်ကျွမ်းကျင်စေရန်၊ ပြည်တွင်း/ပြည်ပ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေနှင့် ကောင်းမွန်သော အုပ်ချုပ်မှု၊ ခေါင်းဆောင်မှုသဘောတရားများကို သိရှိစေရန်၊ ပြည်သူလူထုအား ထိရောက်မြန်ဆန်သည့် ဝန်ဆောင်မှု သတင်းအချက်အလက်များ မျှဝေပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ပါကြောင်း၊ သင်တန်းမှ ရရှိသော အတွေ့အကြုံများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အတွက် ကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရေးတို့အတွက် အကျိုးရှိစွာ အသုံးချစေလိုပါကြောင်း၊ ကျရာအခန်းကဏ္ဍမှ အဂတိတရား ကင်းရှင်းပြီး စိတ်ကောင်းစေတနာကောင်းဖြင့် ဝန်ဆောင်မှုပေးကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၁၃၄ ဦး၊ သင်တန်းသူ ၁၁၃ ဦး၊ စုစုပေါင်း ၂၄၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၆ ရက်မှ ဇူလိုင် ၁၂ ရက်ထိ ရက်သတ္တ ၁၀ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၄)ခုနှစ် အခမ်းအနားကျင်းပ

နေပြည်တော် မေ ၇

**ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၄) ခုနှစ် (World Immunization Week) အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာ သာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပသည်။**

အခမ်းအနားသို့ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီး၊ နေပြည်တော် ကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော် အမျိုးသမီးရေးရာ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နေပြည်တော် အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ ရောဂါနှိမ်နင်းရေးဌာနခွဲမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုတိုးချဲ့ ကာကွယ်ဆေးထိုး လုပ်ငန်းမှ ညွှန်ကြားရေးမှူး၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ ဆရာဝန်ကြီးများနှင့် အထူးကု ဆရာဝန်ကြီးများ၊ မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကာကွယ်ဆေးထိုးနှံမည့် ကလေးများနှင့်မိခင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယခုနှစ် ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးရေး ရက်သတ္တပတ် အခမ်းအနား၏ ဆောင်ပုဒ်မှာ "ကလေးများ အနာဂတ်လှပဖို့ လူတိုင်းပါဝင်ဆောင်ရွက်လို့ ကာကွယ်ဆေးဖြင့် အသက်ကယ်စို့" ဖြစ်ပြီး ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းဖြင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများကြောင့် သေဆုံးမှုကို လျှော့ချပြီး ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးခြင်းလုပ်ငန်းဖြင့် ကလေးများ၏အနာဂတ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**မှတ်တမ်းဗီဒီယိုကိုပြသ**

ထို့နောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ပတ်သက်သည့် မှတ်တမ်း ဗီဒီယိုကို ပြသသည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကာကွယ်ဆေးအကြိမ်ပြည့် မထိုးနှံရသေးသည့် အသက် (၅) နှစ်အောက် ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးပြီး လက်ဆောင် ပစ္စည်းများနှင့် အာဟာရဖြစ် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။

ယမန်နေ့ နံနက်ပိုင်းက Public Transportation နှင့် နေပြည်တော်အတွင်း EV Bus ကားများ ပြေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နေပြည်တော် စည်ပင်သာယာရေး ကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်က နိုင်ငံတော် အစိုးရအနေဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် နိုင်ငံခြားမှ ဝယ်ယူတင်သွင်းနေရသည့် လောင်စာဆီများ လျှော့နည်းသက်သာစေရန်နှင့် သဘာဝ



ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ထိန်းသိမ်း ကာကွယ်နိုင်ရန်၊ လောင်စာဆီစွမ်းအားနှင့် အသုံးပြုနေသည့် မော်တော်ယာဉ်များ အစား လျှပ်စစ်စွမ်းအားသုံးယာဉ် (EV)များကို အစားထိုးအသုံးပြုနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် နေပြည်တော်အတွင်းရှိ Public Transportation ဆောင်ရွက်နေသည့် လက်ရှိအခြေအနေများနှင့် လျှပ်စစ်စွမ်းအားသုံးယာဉ် EV Bus ကားများဖြင့် ပြေးဆွဲပေးနိုင်မည့် အခြေအနေများကို တင်ပြဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က EV Bus မော်တော်ယာဉ်လိုင်း ပြေးဆွဲရန် Pilot Project ရေးဆွဲခဲ့မှုနှင့် လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ နေပြည်တော် မော်တော်ယာဉ်လုပ်ငန်း ပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)၊ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၊ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ (စက်မှု ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန)တို့မှ တာဝန်ရှိသူများက နေပြည်တော်အတွင်းရှိ Public Transportation အတွက် လမ်းကြောင်းများ လျာထားဆောင်ရွက်ထားရှိသည့် အခြေအနေများနှင့် လျှပ်စစ်သုံး EV Bus ကားများဖြင့် ပြေးဆွဲပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးရေး တက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးသိပ္ပံ၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာ အထက်တန်းကျောင်း၊ နည်းပညာ တက္ကသိုလ်၊ Naypyitaw State Academyတို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် နေပြည်တော် ပညာရေးမှူးတို့က ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်၍ ပညာသင်ကြားနေမှု အခြေအနေများနှင့် ယာဉ်လိုင်းများပြေးဆွဲပေးရန် လိုအပ်မှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **သတင်းစဉ်**

# ငြိမ်းချမ်းရေးဖော်ဆောင်နေသည့်ကြားမှ အစ္စရေးက ရာဖာတွင် စစ်ဆင်ရေးဆင်နွှဲ

**ဂါဇာ မေ ၇**

ရာဖာအရှေ့ပိုင်းတွင် အကြမ်းဖက်တန်ပြန်စစ်ဆင်ရေးတစ်ခုကို စတင်ဆောင်ရွက်ခဲ့ပြီဖြစ်ကြောင်း အစ္စရေးက ပြောကြားလိုက်သည်။

အစ္စရေးတပ်ဖွဲ့များက အီဂျစ်သို့ ဖြတ်ကျော်သွားရောက်နိုင်သည့် ဂါဇာဘက်အခြမ်းကို ထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။ ဟားမားစ်တို့နှင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အဆိုပြုချက်အတွက် ဆွေးနွေးမှုများလုပ်ဆောင်နေသည့် ယခုလိုအရေးပါသည့်အချိန်တွင် အစ္စရေးတို့၏ထိုးစစ်ဆင်မှု စတင်ခဲ့ခြင်းဖြစ်သည်။

တနင်္လာနေ့က ဟားမားစ်တို့က ၎င်းတို့၏ ခေါင်းဆောင် အစ္စမေးလ် ဟာနီယာ့သည် အီဂျစ်နှင့် ကာတာ ကြားဝင်စေ့စပ်သူများကို မိမိတို့အဖွဲ့သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ပတ်သက်သည့် သဘောတူညီချက်ကို အတည်ပြုခဲ့ကြောင်း ပြောကြားခဲ့သည်ဟု ဆိုသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် အစ္စရေးနှင့် ဟားမားစ်တို့ကို ငြိမ်းချမ်းရေးသဘောတူညီချက်ကို သဘောတူရန်နှင့် ဓားစာခံများ လွှတ်ပေးရန် တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါအခြေအနေသည် လက်မလွှတ်သင့်သော အခွင့်အလမ်းကောင်းကြီး တစ်ခုဖြစ်ကြောင်းနှင့် ရာဖာရှိ မြေပြင်ထိုးစစ်သည် သည်းမခံနိုင်စရာကောင်းကြောင်း အဘယ်ကြောင့်ဆိုသော် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများကို ပျက်စီးစေကြောင်းနှင့် ဒေသတွင်းမတည်မငြိမ်ဖြစ်စေကြောင်း အန်တိုနီယို ဂူတာရက်ဇ်က ပြောကြားလိုက်သည်။



ရာဖာကို အစ္စရေးတို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ပြီးနောက် ပေါက်ကွဲမှုတစ်ခုကို တွေ့ရစဉ်။

အမေရိကန်ကလည်း ရာဖာသို့ ထိုးစစ်ဆင်တိုက်ခိုက်ခြင်းကို ဆန့်ကျင်ကြောင်း သတိပေးခဲ့ပြီး ဟားမားစ်တို့နှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲခြင်းသည် အကောင်းဆုံး ရွေးချယ်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့သော်လည်း အစ္စရေးတို့က နောက်ဆုံးကမ်းလှမ်းချက်သည် ၎င်းတို့၏အဓိကလိုအပ်ချက်နှင့် ကိုက်ညီမှုမရှိကြောင်းနှင့် ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိရန်အတွက် အီဂျစ်သို့ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဖော်ဆောင်နေသည့်ကြားမှ အစ္စရေးစစ်မက်ရေးရာဝန်ကြီးအဖွဲ့က ရာဖာတွင် ထိုးစစ်ဆင်နွှဲရန် တညီတညွတ်တည်း ဆုံးဖြတ်ချက်ချခဲ့သည်။

အစောပိုင်းတွင် အစ္စရေးစစ်ဘက်က ရာဖာအရှေ့ပိုင်းရှိ ပြည်သူ ၁၀၀၀၀၀ ကို ရွှေ့ပြောင်းမိန့် ထုတ်ပြန်ခဲ့ကြောင်း သည်အဆိုစီရိတ်တက်ပရက်စ်က ဖော်ပြခဲ့သည်။

အစ္စရေးသည်တနင်္လာနေ့တွင် အမိန့်ထုတ်ပြန်ပြီးနောက် ရာဖာတွင် လေကြောင်းတိုက်ခိုက်မှုအများအပြားပြုလုပ်ခဲ့သည်။ ဂါဇာရှိ ကျန်းမာရေးအရာရှိများက လွန်ခဲ့သော ခုနစ်လ ပဋိပက္ခစတင်ဖြစ်ပွားချိန်ကတည်းက အခုချိန်အထိ လူပေါင်း ၃၄၇၀၀ ကျော် သေဆုံးခဲ့သည်ဟု ထုတ်ပြန်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဗီယက်နမ်၌ သဘာဝဘေးအန္တရာယ်ကြောင့် ခြောက်ဦးသေဆုံးပြီး ၁၁ ဦးဒဏ်ရာရ

**ဟန္နိုင်း မေ ၇**

ဗီယက်နမ်ကျေးလက်ဒေသများတွင် မေ ၁ ရက်မှ ၇ ရက်အထိ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းမုန်တိုင်းများတိုက်ခတ်ခြင်းနှင့် လျှပ်စီးလက်၊ မိုးကြိုးပစ်ခြင်းများကြောင့် ခြောက်ဦး သေဆုံးခဲ့ပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးကော်မတီက ထုတ်ပြန်ဖော်ပြခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီတွင် ထပ်ဆင့်ဖော်ပြခဲ့သည်။

တနင်္လာနေ့မွန်းလွဲပိုင်းတွင် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ဟာတင်ပြည်နယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ မြေပြိုကျမှုဖြစ်ပွားခဲ့ရာ အလုပ်သမား သုံးဦးသေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့သည်။

လွန်ခဲ့သော ရက်အနည်းငယ်ကျော်က ကွမ်နင်၊ ယန်ဘိုင်နှင့် လောင်အန်းပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်များကြောင့် သုံးဦးသေဆုံးခဲ့သေးသည်။

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် အိမ်ရာပေါင်းများစွာ ပျက်စီးခဲ့သည်။

မိုးလေဝသ ကြိုတင်ခန့်မှန်းချက်များကို လိုက်နာကြရန်နှင့် အရေးပေါ်ဆောင်ရွက်ချက်များကို လုပ်ဆောင်ကြရန် ကော်မတီက ဒေသအာဏာပိုင်များကို တိုက်တွန်းပြောကြားထားသည်။

ယခုနှစ် ပထမလေးလအတွင်း သဘာဝဘေးအန္တရာယ်များကြောင့် ၁၀ ဦး သေဆုံးခဲ့ပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း အထွေထွေ စာရင်းရုံးက ထုတ်ပြန်လိုက်သောအချက်အလက်များအရ သိရသည်။ သဘာဝဘေးအန္တရာယ်များကြောင့် ဆုံးရှုံးမှုတန်ဖိုးများမှာ ယခုအခါတွင် ၂၂၄ ဒသမ ၆ ဘီလီယံဒေါင်ရှိပြီဖြစ်သည်။

**ဆင်ဟွာ**

## စတားလင့်ခ် ဂြိုဟ်တု နောက်ထပ် ၂၃ စင်း SpaceX လွှတ်တင်

**လော့စ်အိန်ဂျလိစ် မေ ၇**

အမေရိကန်ပုဂ္ဂလိကအာကာသကုမ္ပဏီ SpaceX သည် တနင်္လာနေ့တွင် ဂြိုဟ်ပတ်လမ်းအတွင်းသို့ စတားလင့်ခ် ဂြိုဟ်တု နောက်ထပ် ၂၃ စင်း လွှတ်တင်လိုက်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုများကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ နာဆာ၏ ကနေဒီ အာကာသစင်တာမှ ဖယ်လ်ကွန် -၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း SpaceX ၏ ထုတ်ပြန်ချက်အရ သိရသည်။ ဖယ်လ်ကွန်-၉ ဒုံးပျံ၏ပထမအဆင့်သည် အတ္တလန္တိတ်သမုဒ္ဒရာတွင် စခန်းချထားသော Just Read the Instructions ဒရုန်းယာဉ်ပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း ကုမ္ပဏီက ပြောသည်။

**ဆင်ဟွာ**

## စင်ကာပူနိုင်ငံ၌ အပတ်စဉ်သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ကျဆင်း

**စင်ကာပူ မေ ၇**

စင်ကာပူနိုင်ငံသည် ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါထပ်မံဖြစ်ပွားသူ ၂၄၉ ဦးရှိသည့်အတွက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၆၈၁၅ ဦးအထိရှိလာကြောင်း အမျိုးသားပတ်ဝန်းကျင်ရေးရာ အေဂျင်စီ (အင်န်အီးအေ) ၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

စင်ကာပူနိုင်ငံ၌ သီတင်းတစ်ပတ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၃၀၀ အောက်လျော့နည်းခြင်းမှာ ယခုနှစ်တွင် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ဒေသခံများမှာ သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ကို ခံနိုင်ရည်အားနည်းနေသေးသည့်အတွက် ရောဂါကူးစက်မှုအန္တရာယ်နှင့်ပတ်သက်ပြီး တပ်လှန့်နှိုးဆော်ထားဆဲဖြစ်ကြောင်း အင်န်အီးအေက ပြည်သူများအား သတိပေးထားသည်။

**ဆင်ဟွာ**

## အရှေ့အာဖရိကဒေသ၌ ရေကြီးရေလျှံမှုဖြစ်ပွား လူပေါင်း ၇၅၀၀၀၀ နီးပါး ရေဘေးသင့်ပြီး ၂၃၆ ဦး သေဆုံး

**ကုလသမဂ္ဂ မေ ၇**

အရှေ့အာဖရိကဒေသ၌ ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၇၅၀၀၀၀ နီးပါး ရေဘေးသင့်ခဲ့ပြီး လူဦးရေ ၂၃၄၀၀၀ အိုးအိမ်စွန့်ခွာခဲ့ရကာ ၂၃၆ ဦး သေဆုံးခဲ့ရကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုအဖွဲ့က မေ ၆ ရက်တွင် ပြောသည်။

ရေကြီးရေလျှံမှုကြောင့် သေဆုံးသူများအနက် ကင်ညာတစ်နိုင်ငံတည်းတွင် သေဆုံးသူ ၂၂၉ ဦး ရှိကြောင်း သိရသည်။ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA)ကလည်း ကင်ညာနိုင်ငံရှိ ဒေသအာဏာပိုင်များက နိုင်ငံတစ်ဝန်း လူပေါင်း ၂၈၅၀၀၀ ကျော် ရေဘေးသင့်မှုနှင့် ပတ်သက်ပြီး အစီရင်ခံဖော်ပြထားကြောင်း ပြောသည်။

ဆိုမာလီယာနိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၁၆၀၀၀၀ ကျော် ရေဘေးသင့်ခဲ့ပြီး ၃၇၀၀၀ ကျော်မှာ အိုးအိမ်စွန့်ခွာ သို့မဟုတ် နေရာပြောင်းရွှေ့ခဲ့ရကြောင်း OCHA က ပြောသည်။ ရေကြီးရေလျှံမှုကြောင့် ဧပြီ ၁၉ ရက် နောက်ပိုင်း ကလေးငယ်ခုနစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဘူရွန်ဒီနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် တန်ဂန်နီကာကန်၏ ရေမျက်နှာပြင်မြင့်တက်လာမှုများကြောင့် ဇန်နဝါရီလနောက်ပိုင်း လူပေါင်း ၁၈၀၀၀၀ နီးပါး ဘေးသင့်မှုရှိခဲ့ကြောင်း အဆိုပါရုံးကပြောသည်။ တန်ဇန်းနီးယားနိုင်ငံ၌ အစိုးရနှင့်မိတ်ဖက်များက ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအသင်းအဖွဲ့များကို ဖြန့်ကြက်ချထားကြောင်း၊ စားနပ်ရိက္ခာများ၊ အိပ်ရာများ၊ ခြင်ထောင်များနှင့် ရွက်ဖျင်တဲများအပါအဝင် ရေဘေးသင့်ပြည်သူများထံ အရေးပေါ်ကူညီထောက်ပံ့မှုများ ဖြန့်ဝေပေးထားကြောင်း လူသားချင်းစာနာထောက်ထားမှုအဖွဲ့က ပြောသည်။

ရဝမ်ဒါနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူပေါင်းများစွာသေဆုံးခဲ့ကာ လမ်းများ၊ တံတားများနှင့် အိုးအိမ် ရာနှင့်ချီ ပျက်စီးမှုဖြစ်ပွားကြောင်း OCHA က ပြောသည်။ ထို့ပြင် ဒေသအာဏာပိုင်များက စပါးနှင့် ငှက်ပျောစိုက်ခင်း အများအပြားလည်း ထိခိုက်ပျက်စီးခဲ့ကြောင်း ပြောသည်။



ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ဓာတ်အားလိုင်းတိုင်ပေါ်တွင် အင်ဂျင်နီယာတစ်ဦး ပြုပြင်ထိန်းသိမ်းလုပ်ဆောင်နေမှုကို မေ ၆ ရက်က တွေ့ရစဉ်။

**ဆင်ဟွာ**

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၇**

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာ စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်း ကော်မတီ (၁/၂၀၂၄) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲထွဋ်က လက်ရှိအခြေအနေတွင် ဆူပူအကြမ်းဖက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာသူများရှိနေပြီး ၎င်းတို့တွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် စားဝတ်နေရေး အခက်အခဲများ ရှိနေကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တည်ငြိမ်အေးချမ်းရေးနှင့် ပုံမှန်အခြေအနေရောက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ယာယီနေရပ်စွန့်ခွာသူများ နေထိုင်စားသောက်ရေးအဆင်ပြေအောင် ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း။

သို့သော် ကူညီထောက်ပံ့ပေးမှုများသည် ယာယီသာဖြစ်နိုင်ပြီး တည်ငြိမ်အေးချမ်းပြီး ကိုယ့်ဒေသကိုယ် ပြန်နိုင်သည့်အချိန်တွင် ပြန်ကြခြင်းဖြင့် အစစအရာရာအဆင်ပြေနိုင်ကြောင်း၊ နိုင်ငံတော်ကလည်း သက်ဆိုင်ရာဒေသများတွင် တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် လိုအပ်သည့် ပြန်လည်ထူထောင်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ကိုယ့်ဒေသကိုယ်အဆင်ပြေစွာပြန်နိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယာယီနေရပ်စွန့်ခွာသူများအနေဖြင့် ဌာနအလိုက်ဆောင်ရွက်ပေးနေမှုများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး သင့်တော်သည့်အချိန်ကာလတွင် နေရပ်ပြန်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်း ကော်မတီအတွင်းရေးမှူးက ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာ စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ သတင်းနှင့်ပြန်ကြားရေး လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ဆွေးနွေးချက်များကို အမျိုးသားအဆင့်ကော်မတီသို့ တင်ပြဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်း ကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးပို့

**နေပြည်တော် မေ ၇**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း ကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က မှာယူသည့် စားသောက်ကုန် ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသုံးဆီ၊ ကျန်းမာရေးသုံး ပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများ၊ ပရိဘောဂများနှင့် ထင်းအစားထိုး လောင်စာများ အပါအဝင် စုစုပေါင်းတန်ချိန် ၁၅၀၄ ဒသမ ၄၃ တန်ကို ကုန်တင်ရေယာဉ်ဖြင့် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ၂၀၂၃ ခုနှစ် မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များအပါအဝင် ရေယာဉ် ၄၆ စင်းဖြင့် ဆောက်လုပ်ရေးသုံး ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များ ပါဝင်သော ကူညီကယ်ဆယ်ရေး ပစ္စည်း စုစုပေါင်း ၆၇၇၄၁ ဒသမ ၉၂ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ်(၂၀၂၄ ခုနှစ်) အထိမ်းအမှတ် ကလေးများအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းအခမ်းအနား သနပ်ပင်မြို့နယ်၌ကျင်းပ

**သနပ်ပင် မေ ၇**

ပဲခူးတိုင်းဒေသကြီး သနပ်ပင် မြို့နယ်တွင် ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် ၂၀၂၄ ခုနှစ် အထိမ်းအမှတ် ကလေးများနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက မြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော် လင်းထက်က ပုံမှန်ကာကွယ်ဆေး များ ထိုးနှံတိုက်ကျွေးပေးခြင်းဖြင့် ကလေးငယ်များ၏ အသက် အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသော ရောဂါပေါင်း ၂၀ ကျော်ကို ကာကွယ် ဟန့်တားနိုင်သဖြင့် ကာကွယ်ဆေးထိုးရန် အကျုံးဝင်သည့် ကလေးငယ်များ တစ်ဦး တစ်ယောက်မကျန် ထိုးနှံနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ပြီး မြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ခွန်စောထွန်းက ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်း အကြောင်း ရှင်းလင်းပြောကြား သည်။

ယင်းနောက် မြို့နယ်ပြည်သူ့ ကျန်းမာရေး ဝန်ထမ်းများက သနပ်ပင်မြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်(၂)နှစ်အောက်



ကလေးငယ်များနှင့် ကိုယ်ဝန် ဆောင်မိခင်များအား ကာကွယ် ဆေးထိုးနှံတိုက်ကျွေးပေးခြင်းတို့ ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ် ဆရာဝန်ကြီး၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၊ မြို့နယ်ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနမှ တာဝန်ရှိသူများက တက်ရောက် ကြည့်ရှုအားပေးခဲ့ ကြောင်း သိရသည်။

**ညီပြာ(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

ပွဲထွက်လာပြီး သစ္စာအားမာန်အသင်းကလည်း မေသက်မွန်မြင့်၊ ဝင်းဝင်း၊ မြတ်နိုးခင်၊ ဝေဖူးအိမ်၊ ခင်မိုမိုထွန်း၊ နီလာဝင်းစသည့် လက်ရွေးစင်အဆင့်ကစားသမားအများစုဖြင့် ပွဲထွက်လာသည်။ သစ္စာအားမာန်အသင်းသည် ပိုဖိကစားနိုင်သော်လည်း ရှောဝတီအသင်းက အမှားအယွင်းမရှိကစားနိုင်သလို ခံစစ်၊ တိုက်စစ်ဟန်ချက်ညီအောင် ကစားနိုင်သဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရှောဝတီအသင်းအတွက် အနိုင်ဂိုးများကို ၄၂ မိနစ်တွင် ဇီတာရှင်နှင့် မိနစ် ၇၀ တွင် လဲ့လဲ့လှိုင်တို့က သွင်းယူခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက လက်ရှိချန်ပီယံ မြဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် လက်ရှိချန်ပီယံ မြဝတီအသင်းကို ပထမပိုင်းသွင်းဂိုးများဖြင့် အနိုင်ယူကာ အမှတ်ပြည့်ရရှိခဲ့သည်။ ပြိုင်ပွဲ၏ အအောင်မြင်ဆုံးဖြစ်သည့် မြဝတီအသင်းမှာမူ အဖွင့်ပွဲမှာ မထင်မှတ်ဘဲ အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ပထမပိုင်း သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ၁၅ မိနစ်တွင် နန်းချိုမွှေးနှင့် ၄၅+ ၃ မိနစ်တွင် ယွန်းဝတီလှိုင်တို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။

ပွဲစဉ် (၁) ဒုတိယနေ့ကို မေ ၈ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် စလင်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုရာသီ မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲကို မြဝတီ၊ အား/ကာသိပ္ပံ၊ သစ္စာအားမာန်၊ ရန်ကုန် ယူနိုက်တက်၊ YREO ၊ ရှမ်းယူနိုက်တက်နှင့် ရှောဝတီအသင်း စုစုပေါင်း ခုနစ်သင်းဖြင့် ကျင်းပလျက်ရှိပြီး မေ ၇ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ သုံးကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-MWL**

❖ *ကျောဖုံးမှ*

အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကို ပွဲချိန်အများစု ခုခံကာကွယ်ခဲ့ရသည်။ မန်ယူအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံး ယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ ရှစ်ပွဲတွင် တစ်ပွဲသာ နိုင်ပွဲရရှိထားသည်။ ထို့ပြင် မန်ယူအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ၃၅ ပွဲကစားပြီး ရမှတ် ၅၄ မှတ်ဖြင့် အဆင့် (၈) နေရာတွင် ရပ်တည်နေပြီး လာမည့်နှစ် ဥရောပဝင်ခွင့် ဆုံးရှုံးရဖွယ်ရှိနေသည်။ ထို့ကြောင့် မန်ယူအသင်းသည် ရာသီပိတ်သိမ်းချိန်တွင် ကွန်ဖရင့်လိဂ်ဝင်ခွင့်ရရန် အဆင့် (၇) ဖြင့် ပိတ်သိမ်းရန်လိုအပ်နေပြီး ယူရိုပါလိဂ်ဝင်ခွင့်ရရန် အက်ဖ်အေဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းကို နိုင်ပွဲရရှိရန် လိုအပ်နေသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် သွင်းဂိုးများကို မိုက်ကယ်အိုလစ်၊ မာတီတာနှင့် မစ်ချဲလ်တို့က သွင်းယူပေးခဲ့သည်။ မိုက်ကယ်အိုလစ်သည် ယခုပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုးရယူနိုင်ခဲ့သည့်အတွက် ယခုနှစ်ရာသီတွင် ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် ပရီမီယာလိဂ်သွင်းဂိုး ကိုးဂိုးအထိ ရှိလာပြီ ဖြစ်သည်။ လာမည့်ပွဲစဉ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းက ဝုဖ်အသင်း၊ မန်ယူအသင်းက အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

# လူသားတိုင်းဘဝ အေးမြလှပဖို့ ရေကိုအကျိုးရှိရှိ ချွေတာသုံးစွဲကြပါစို့

*အေးမြင့်ဆွေ(ဆည်/ရေ)*

**ကျွန်ုပ်တို့နေထိုင်ရာ ဤမြေကမ္ဘာ၏ စိမ်းမြလတ်ဆတ်မှုအတွက်လည်းကောင်း၊ လူသတ္တဝါအားလုံးတို့၏ အသက်သွေးကြော ရှင်သန်စီးဆင်းရာအတွက်လည်းကောင်း၊ ရေသည် တုပြိုင်ကင်းသော ရင်းမြစ်ဖြစ်ပါသည်။ "ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်"၊ "ရွှေကိုမလို ရေကိုသာလိုသည်" ဟူသော စကားပုံများကဲ့သို့ပင် ရေရရှိမှုမရှိပါက အသက်ခန္ဓာများလည်း တည်မြဲမည်မဟုတ်၊ စည်းစိမ်ဥစ္စာတို့လည်း အရေးကြီးမည်မဟုတ်၊ ငြိမ်းချမ်းအေးမြလှပသော လူ့အဖွဲ့အစည်းကိုလည်း တည်ဆောက်နိုင်မည်မဟုတ်ပါ။**

ရေသည် လူသားများ၏ အခြေခံကျသော ရပိုင်ခွင့်ဖြစ်ပါသည်။ ထို့အတူ ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း လူသားအားလုံး၏တာဝန်ဖြစ်ရာ နိုင်ငံတော်အစိုးရနှင့်အတူ ကျွန်ုပ်တို့ပြည်သူများကလည်း ရေကိုအကျိုးရှိစွာ စီမံခန့်ခွဲချွေတာအသုံးချရေးတွင် ကိုယ်စွမ်းနိုင်သမျှ တတ်အားသရွေ့ ပါဝင်ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ ကျွန်ုပ်တို့မြန်မာလူမျိုးအများစုသည် ရေ၏တန်ဖိုးကို သိသော်လည်း မိခင်သဘာဝတရားကပေးသော သယံဇာတလက်ဆောင်များအရ မြန်မာ့ဒေသအများစုသည် ရေပေါများသောကြောင့် ရေကို စနစ်တကျစုဆောင်းချွေတာသုံးစွဲရန် အမှုမဲ့အမှတ်မဲ့ဖြစ်တတ်ကြသည်မှာ အပြစ်မဆိုသာသောသဘာဝဖြစ်ပါသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ ကျေးလက်ပြည်သူများအတွက် သောက်သုံးရေတူးဖော်ပေးထားမှု။

သို့ရာတွင် ယခုနှစ်ဖြစ်ပွားသည့် အယ်နီညိုကဲ့သို့သောရာသီဥတုဖောက်ပြန်မှုများနှင့် ကမ္ဘာကြီး တဖြည်းဖြည်းပူနွေးလာမှု စသည်တို့ကို စနစ်တကျရင်ဆိုင်ရန်အတွက် ကျွန်ုပ်တို့ပြည်သူတစ်ဦးချင်းစီ၏ ရေစီမံခန့်ခွဲမှု အသိအမြင်နှင့် ရေကိုစနစ်တကျအသုံးချတတ်မှုတို့သည် လွန်စွာ အခြေခံကျ အရေးကြီးလာသော အရည်အသွေးတစ်ခုဖြစ်ပါသည်။

နိုင်ငံတော်အစိုးရ၏ ရေဆိုင်ရာ မဟာဗျူဟာများသည် အဆောက်အအုံကြီးတစ်ခုဖြစ်ပါက ကျွန်ုပ်တို့ပြည်သူတစ်ဦးချင်းစီ၏ ရေစီမံခန့်ခွဲမှုအရည်အသွေးသည် ထိုအဆောက်အအုံကို တည်ဆောက်ထားသော အခြေခံအုတ်ချပ်အုတ်မြစ်များ ဖြစ်ကြပါလိမ့်မည်။ ထို့ကြောင့် ရေကို အကျိုးရှိရှိစီမံခန့်ခွဲချွေတာသုံးစွဲခြင်းသည် မိမိတို့၏ စိတ်နှလုံးအေးချမ်းမှု၊ ကျန်းမာရေးကောင်းမွန်မှု၊ စီးပွားရေးဖွံ့ဖြိုးမှု၊ မိမိဒေသ၏ စိမ်းလန်းစိုပြည်အေးချမ်းမှု၊ မိမိနိုင်ငံ၏ စည်ပင်ငြိမ်းချမ်းမှုတို့အတွက် လွန်စွာအကျိုးရှိမွန်မြတ်သော အလေ့အထကောင်းတစ်ခုဖြစ်ပါသည်။

ရေကိုအကျိုးရှိရှိစနစ်ကျစွာ အသုံးပြုရန်အတွက် သိပ္ပံနည်းလမ်းများ၊ အသုံးချသုတေသနစာတမ်းများ၊ တိုက်တွန်းအကြံပေးချက်များ များစွာရှိသည့်အနက်မှ ကျွန်ုပ်တို့နေ့စဉ်လူနေမှုဘဝ အလေ့အကျင့်များနှင့် အဆင်ပြေလိုက်လျောညီထွေဖြစ်နိုင်မည့် နည်းလမ်းအချို့ကို အောက်ပါအတိုင်း မျှဝေဖော်ပြပေးလိုပါသည် -

**(က) မိုးရေများအား သိုလှောင်ထိန်းသိမ်းခြင်း**

မြန်မာလူမျိုးတို့သည် ရှေးယခင်ကပင် ရွှာသွန်းသော မိုးရေသယံဇာတတို့ကို စနစ်တကျ ထိန်းသိမ်းသိုလှောင်အသုံးချတတ်သောအလေ့အထကောင်းများ ပိုင်ဆိုင်ကြပြီးဖြစ်ပါသည်။ **မိုးရွာတုန်းရေခံ**ဟူသော စကားပုံကဲ့သို့ပင် ရွာသွန်းသောမိုးရေကို ဆည်မြောင်းတာတမံများဆောက်၍ သိုလှောင်ခြင်း၊ ကျေးရွာသုံးရေကန်များ တူးဖော်သိုလှောင်ခြင်း၊ တစ်နိုင်တစ်ပိုင် ရေကန်ရေစည်များဖြင့် သိုလှောင်ခြင်းများ ဆောင်ရွက်လေ့ရှိကြသည်။

မိုးရေကို အကျိုးရှိစွာ သိုလှောင်ခြင်းသည် မြေအောက်ရေကို ချွေတာနိုင်ခြင်း၊ ရေများ ပင်လယ်သို့ အလဟဿစီးဆင်းသွားခြင်းကို ကာကွယ်နိုင်ခြင်း၊ သန့်ရှင်းသော သောက်သုံးရေအဖြစ် အလွယ်တကူသုံးစွဲနိုင်ခြင်း၊ သိုလှောင်ရာဒေသ၏ ပတ်ဝန်းကျင်မြေထု လေထုကို အပူချိန်လျော့ကျ စိမ်းလန်းစိုပြည်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။ တစ်နိုင်တစ်ပိုင်သုံး ရေကန်ငယ်များအဖြစ် မြေတူး၍ မိုးကာစများ ခင်းကာထားခြင်းဖြင့် ယာယီရေကန်ငယ်များအဖြစ် သိုလှောင်ခြင်းများကိုလည်း တွေ့မြင်ရလေ့ရှိသည်။ ထိုအလေ့အကျင့်များကို ထိန်းသိမ်း၍ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြံတွေးဆောင်ရွက်ကာ နောင်မျိုးဆက်သစ်များအား မျှဝေလက်ဆင့်ကမ်းပေးသင့်သည်။

**(ခ) မြေအောက်ရေကို တတ်နိုင်သမျှ ချွေတာသုံးစွဲခြင်း**

လူသားတို့သည် မြေပေါ်ရေသိုလှောင်ခြင်းနှင့်စာလျှင် ပိုမိုလွယ်ကူသော အချိန်အခါမရွေးရရှိသော မြေအောက်ရေကို (အထူးသဖြင့်) မြို့ပြများတွင် ပိုမိုသုံးစွဲလာကြသည်။ လွန်ခဲ့သည့် ၁၀ နှစ်အတွင်း မြေအောက်ရေပမာဏသည် ကမ္ဘာပေါ်တွင် သိသိသာသာကျဆင်း၍ ရေတွင်းအများစု လျော့နည်းခန်းခြောက်ကာ စားရေရိက္ခာ သီးနှံစိုက်ပျိုးဖြစ်ထွန်းလာမှုများ ပျက်ယွင်းလာသည်။ ထို့ကြောင့် မြေအောက်ရေကို တတ်နိုင်သမျှ ချွေတာသင့်ပါသည်။သို့ရာတွင် မဖြစ်မနေ သုံးစွဲရန်လိုအပ်သည့် ဒေသနှင့် အခြေအနေတို့တွင်မူ စနစ်တကျနည်းလမ်းများဖြင့် ထုတ်ယူသုံးစွဲရန် လိုအပ်ပါသည်။

**(ဂ) အင်းအိုင် ကန်ချောင်းများအား ထိန်းသိမ်းခြင်း**

မြန်မာနိုင်ငံတွင် အင်းတော်ကြီးကန်၊ အင်းလေးကန်တို့မှစ၍ ကျေးရွာသုံးရေကန်များအထိ အင်းအိုင်ကန်ချောင်းများစွာရှိသည်။ သို့သော် မြို့ပြဖွံ့ဖြိုးလာခြင်းနှင့် နှစ်ကာလကြာမြင့်စွာ နုန်းမြေပို့ချလာခြင်းကြောင့် အချို့ကန်များမှာ တဖြည်းဖြည်း တိမ်ကောလာကြ၍ ရေသိုလှောင်နိုင်မှုပမာဏ တဖြည်းဖြည်းလျော့နည်းလာကြသည်။ ထို့ကြောင့် နုန်းမြေပို့ချမှုလျော့နည်းရန် နည်းလမ်းများ ဆောင်ရွက်ခြင်းနှင့် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုပါမည်။ မြစ်လက်တက်၊ ချောင်းလက်တက်ငယ်များသည်လည်း ရေစီးဆင်းမှုအတွက် အစပျိုးရာဖြစ်သောကြောင့် တိမ်ကောပျက်စီးသွားခြင်းမှ ကာကွယ်ရမည်ဖြစ်သည်။ ယခုအခါတွင် ပုဂံရှိ ရှေးဟောင်းရေကန်များအား ဌာနအဖွဲ့အစည်းများနှင့် ပြည်သူပူးပေါင်း၍ စနစ်တကျ ပြန်လည်တူးဖော်နေကြောင်း ကြားသိရသည်မှာ စိတ်ချမ်းမြေ့ဖွယ်ဖြစ်ပါသည်။

**(ဃ) ကန်ရေများ အလျင်အမြန် မခန်းခြောက်စေရန်ထိန်းသိမ်းခြင်း**

မြန်မာနိုင်ငံအပူပိုင်းရပ်ဝန်းရှိ ရေကန်အများစုမှာ မိုးရာသီတွင် ရေသိုလှောင်ထားသော်လည်း မြင့်မားသော အပူချိန်ကြောင့် ရေငွေ့ပြန်မှုများ၍ လျင်မြန်စွာခန်းခြောက်သွားလေ့ရှိပါသည်။ ထိုအခက်အခဲသက်သာစေရန်အတွက် ရေကန်ပတ်လည်တွင် အရိပ်ရပင်များစိုက်ခြင်း၊ ရေမျက်နှာပြင်ပေါ်တွင် ဝါးတန်းနှင့် ရေပေါ်ပေါ်သည့် ရေပုံး၊ ဗောခွံများ အသုံးပြု၍ အပူခံအစိမ်းစများ အုပ်မိုးခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ရေသိုလှောင်သည့် နေအိမ်သုံး ကျောက်စည်ရေကန်များကိုလည်း အရိပ်ရအေးမြသော နေရာများတွင် ထားရှိအသုံးပြုသင့်ပါသည်။

**(င) ဆည်ရေစိုက်ပျိုးရေကို စနစ်တကျ သုံးစွဲခြင်း**

တောင်သူနှင့် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သည့်စနစ်ဖြင့် ဆည်ရေပေးမြောင်းများ ထိန်းသိမ်းခြင်း၊ ဆည်ရေကို အကျိုးရှိစွာ ခွဲဝေအသုံးချခြင်းများကို ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ မြောင်းရင်းမှ မြောင်းဖျားအထိ စိုက်ပျိုးမြေအားလုံး လိုအပ်သောရေရရှိရန်အတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် မျှဝေတာဝန်ယူတတ်မှုတို့သည် အလွန်အဓိကကျပါသည်။ သစ်သီးဝလံစိုက်ခင်းများတွင် ရေအသုံးပြုရမှု သက်သာစေသည့် ရေဖျန်းစနစ်ဖြင့် ရေပေးဝေခြင်း (Sprinkler Irrigation System) ကဲ့သို့သော ခေတ်မီနည်းစနစ်သစ်များကိုလည်း စမ်းသပ်အသုံးပြုသင့်ပါသည်။

**(စ) သုံးစွဲပြီးရေကို ပြန်လည်အသုံးပြုခြင်း**

ရေအကျိုးရှိစွာ အသုံးပြုခြင်းများတွင် သုံးစွဲပြီးရေကို ပြန်လည်အသုံးပြုခြင်း (Reuse)သည် အလွန်အသုံးဝင်သော နည်းလမ်းတစ်ခုဖြစ်ပါသည်။ ဥပမာအားဖြင့် - ရေအားလျှပ်စစ်စက်ရုံများမှ ထုတ်လွှတ်ရေများအား စိုက်ပျိုးရေအဖြစ် ပြန်လည်အသုံးပြုခြင်း၊ ရေချိုးပြီး ရေများကို ရေမြောင်းဖောက်၍ အပင်များကြီးထွားရန် ရေသွင်းခြင်း စသည်တို့ဖြစ်ပါသည်။ အခြားနည်းလမ်းတစ်ခုမှာ သုံးစွဲပြီးရေများကို ပြန်လည်သန့်စင်အသုံးပြုခြင်းနည်းလမ်း (Recycle) ဖြစ်ပါသည်။ အချို့ရှေ့ရောက်နိုင်ငံများတွင် နေအိမ်များမှ ထုတ်လွှတ်ရေများ၊ စက်မှုလုပ်ငန်းသုံးရေများကို စက်ရုံများတွင် ပြန်လည်သန့်စင်၍ အသုံးချခြင်းလုပ်ငန်းများရှိရာ *စာမျက်နှာ ၁၇ သို့*

❖ **ပြည်သူတစ်ဦးချင်းစီမှသည် တစ်မျိုးသားလုံးအထိ ရေဆိုင်ရာ ဗဟုသုတအတွေးအမြင် ဆောင်ရွက်ချက်များ ပြည့်စုံလာပါက ရေကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် တည်မြဲမည်၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနများအနေဖြင့် အသိပညာဗဟုသုတမျှဝေခြင်း၊ စည်းရုံးဆောင်ရွက်ခြင်းများကို ဆောင်ရွက်သင့်၊**

**ရေစီမံခန့်ခွဲမှု၊ သိုလှောင်အသုံးချမှုတို့နှင့် ဆက်စပ်၍ ဒေသအလိုက် ထူးခြားသော အလေ့အထများလည်း ရှိတတ်ကြသေးသည်ဖြစ်ရာ မိမိသိရှိသော ဗဟုသုတများကို မိမိပတ်ဝန်းကျင်၊ မိမိအသိုက်အဝန်းသို့ တတ်အားသမျှ ဝေမျှပေးခြင်းသည်လည်း ကောင်းမွန်သော အလေ့အထကောင်းတစ်ခုဖြစ်**

# တိုးချဲ့စိုက်ပျိုးသင့်သည့် ဆီထွက်သီးနှံ

နေသူရဇော်

စားဝတ်နေရေးလို့ခေါ်တဲ့ လူ့ဘောင်လောကရဲ့ လိုအပ်ချက်တွေထဲမှာ နေ့စဉ် စားသောက်နေရဖို့က အခြေခံအကျဆုံးအရာတစ်ခု ဖြစ်ပါတယ်။ စားသုံးကြရတဲ့ အစားအစာများကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်နိုင်ရေးဟာ အရေးပါလှသလို အစားအစာများဟာ အာဟာရပြည့်ဝဖို့နဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးသည် အလွန်အရေးကြီးတဲ့ ကဏ္ဍတစ်ရပ် ဖြစ်လာပါတယ်။ နေ့စဉ်စားသုံးနေကြတဲ့ အစားအစာတွေကို ဖန်တီးတဲ့နေရာမှာ မပါမဖြစ် အသုံးပြုနေကြရတဲ့ စားသုံးဆီ သန့်ရှင်းရေးနဲ့ ဖူလုံစွာထုတ်လုပ်နိုင်ရေးဟာ မျက်မှောက်ခေတ်ရဲ့ စိန်ခေါ်မှုတစ်ခုအဖြစ် ရောက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ မြန်မာ့လူဦးရေတိုးတက်လာတာနဲ့အတူ ပြည်တွင်းစားသုံးဆီလိုအပ်မှုဟာ ပိုမိုများပြားလာပါတယ်။ ဒါကြောင့် ဘေးအန္တရာယ်ကင်းရှင်းတဲ့ စားသုံးဆီတွေကို ဖူလုံအောင် စိုက်ပျိုးထုတ်လုပ်ကြဖို့ လိုအပ်လာပြီပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီအုန်း၊ ပန်းနှမ်းနဲ့ ဆီမုန်ညင်းကို စားသုံးဆီအတွက် အဓိကထား စိုက်ပျိုးထုတ်လုပ်လျက် ရှိပါတယ်။ မြန်မာ့ရေမြေရာသီဥတု အခြေအနေအရ “ မြန်မာ့ဆီအိုးကြီး”ဟု တင်စားခေါ်ဝေါ်ကြသော မကွေးတိုင်းဒေသကြီးတွင် အများဆုံးစိုက်ပျိုးပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှာ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ပြည်တွင်းစားသုံးမှုအတွက် အဓိကဖြန့်ဖြူးပေးလျက် ရှိပါတယ်။



**စိုက်ပျိုးလွယ်သီးနှံအစားထိုးစိုက်ပျိုးလာ**

ဆီထွက်သီးနှံတွေဟာ အခြားသီးနှံတွေထက် ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်နည်းပြီး အထွက်နှုန်းများစွာ ကောင်းမွန်မှုမရှိတဲ့အတွက် တောင်သူတွေ ဝင်ငွေနည်းခြင်း၊ ပိုးမွှားရောဂါ နှိမ်နင်းနိုင်မှု အားနည်းခြင်းအပြင် ရိတ်သိမ်းပြီးလျှင် ဆက်လက်လုပ်ဆောင်ရမယ့် နည်းပညာတွေ (ရိတ်သိမ်းချိန်လွန်နည်းပညာ)ကို လိုက်နာနိုင်မှု အားနည်းခြင်းတို့ကြောင့် သီးနှံအရည်အသွေးအရ စံနှုန်းပြည့်မီဖို့ ခက်ခဲနေသေးတဲ့အတွက် ဈေးကွက်ရောင်းချတဲ့အချိန်မှာ ကောင်းမွန်တဲ့ ရောင်းဈေးကို မရနိုင်သဖြင့် ဆီထွက်သီးနှံအစား အခြားသော စိုက်ပျိုးရလွယ်ကူတဲ့ ကောက်ပဲသီးနှံတွေကို အစားထိုးစိုက်ပျိုးလာကြပါတယ်။ ဒါ့အပြင် လူဦးရေတိုးပွားလာခြင်းနဲ့အတူ ဆီစားသုံးမှု မြင့်မားလာခြင်းတို့ကြောင့် ပြည်တွင်းသုံးစွဲမှုကို လုံလောက်စွာ မထုတ်လုပ်နိုင်ခြင်းဖြစ်ပြီး ပြည်ပမှ စားသုံးဆီကို တင်သွင်းနေရခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

- မြန်မာ့ဆီထွက်သီးနှံကို စုစုပေါင်းစိုက်ပျိုးမြေရဲ့ ၁၆ ရာခိုင်နှုန်းကိုသာ စိုက်ပျိုးနိုင်ပြီး ထွက်ရှိလာတဲ့ ဆီထွက်သီးနှံတွေထဲကမှ သီးနှံလုံးဆန် မက်ထရစ်တန်သုံးသိန်းကျော်ကို ပြည်ပသို့ နှစ်စဉ်တင်ပို့ရောင်းချနေရပြီး ပိုလျှံတဲ့ ဆီထွက်သီးနှံလက်ကျန်ဟာ ပြည်တွင်းဆီလိုအပ်ချက်ကို မပြည့်မီတော့ဘဲ ပြည်ပကနေ စားအုန်းဆီတွေကို နှစ်စဉ်တင်သွင်းနေရ
- စားသုံးသူတွေရဲ့ကျန်းမာရေးနဲ့ နိုင်ငံ့ထွက်ငွေကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံကို ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးဟာ အရေးကြီးသလို ထွက်ရှိလာတဲ့ သီးနှံတွေကို အရည်အသွေးပြည့်ဝတဲ့ စားသုံးဆီတွေအဖြစ် ကြိတ်ခွဲထုတ်လုပ်ပေးနိုင်မယ့် စက်မှုလုပ်ငန်းတွေကိုလည်း ပိုမိုရင်းနှီးမြှုပ်နှံဖို့လို

**ပြည်ပစားအုန်းဆီ နှစ်စဉ်တင်သွင်း**

မြန်မာ့ဆီထွက်သီးနှံကို စုစုပေါင်းစိုက်ပျိုးမြေရဲ့ ၁၆ ရာခိုင်နှုန်းကိုသာ စိုက်ပျိုးနိုင်ပြီး ထွက်ရှိလာတဲ့ ဆီထွက်သီးနှံတွေထဲကမှ သီးနှံလုံးဆန် မက်ထရစ်တန် သုံးသိန်းကျော်ကို ပြည်ပသို့ နှစ်စဉ်တင်ပို့ရောင်းချနေရပြီး ပိုလျှံတဲ့ ဆီထွက်သီးနှံလက်ကျန်ဟာ ပြည်တွင်းဆီလိုအပ်ချက်ကို မပြည့်မီတော့ဘဲ ပြည်ပကနေ စားအုန်းဆီတွေကို နှစ်စဉ်တင်သွင်းနေရပါတယ်။ ယင်းဆီတွေမှာ သယ်ယူပို့ဆောင်ရေး ခရီးရှည်လျားခြင်းနဲ့ သိုလှောင်ဖြန့်ဖြူးမှု လုပ်ငန်းအဆင့်ဆင့်မှာ အခက်အခဲတွေရှိတာကြောင့် အရည်အသွေးတွေ ကျဆင်းကာ စားသုံးသူတွေရဲ့ ကျန်းမာရေးကို ထိခိုက်စေပါတယ်။ ဒါပေမယ့် ဈေးနှုန်းသက်သာတဲ့အတွက် ပြည်တွင်းစားသုံးဆီဈေးကွက်ရဲ့ ၈၀ ရာခိုင်နှုန်းကျော်ကို နေရာယူထားပြီး ပြည်တွင်းထုတ်လုပ်မှုတွေကို ထိခိုက်လာတဲ့အထိ ကြုံတွေ့ခဲ့ရပါတယ်။

**ရင်းနှီးမြှုပ်နှံဖို့လိုအပ်**

စားသုံးသူတွေရဲ့ကျန်းမာရေးနဲ့ နိုင်ငံ့ထွက်ငွေကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံကို ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးဟာ အရေးကြီးသလို ထွက်ရှိလာတဲ့သီးနှံတွေကို အရည်အသွေးပြည့်ဝတဲ့ စားသုံးဆီတွေအဖြစ် ကြိတ်ခွဲထုတ်လုပ်ပေးနိုင်မယ့် စက်မှုလုပ်ငန်းတွေကိုလည်း ပိုမိုရင်းနှီးမြှုပ်နှံဖို့ လိုအပ်ပါတယ်။

**သီးနှံစိုက်တောင်သူတွေ အလားအလာကောင်း**

နိုင်ငံတော်အနေနဲ့လည်း စားသုံးဆီဖူလုံရေးအတွက် ပြည်တွင်းမှာ မြေပဲ၊ နှမ်း၊ နေကြာ စတဲ့ ဆီထွက်သီးနှံတွေ တိုးချဲ့စိုက်ပျိုးနိုင်ရေးကို အားပေးကူညီပြီး တွန်းအားပေး ဆောင်ရွက်လျက်ရှိပါတယ်။ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်ပထွက်ငွေ လျှော့ချနိုင်ဖို့အတွက် မူဝါဒတွေ ချမှတ်ဆောင်ရွက်လျက်ရှိရာ ဒေသအတွင်း ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အရည်အသွေးပြည့်ဝတဲ့ စားသုံးဆီတွေ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးတဲ့ တောင်သူတွေအနေနဲ့ အကျိုးကျေးဇူးတွေ ပိုမိုရရှိနိုင်မယ့် အလားအလာကောင်းတွေကို မြင်တွေ့နေရပြီ ဖြစ်ပါတယ်။

ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးတာဟာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသုံးဆီတွေကို ရရှိစေနိုင်ရုံသာမက ဆီကြိတ်ရာမှ ထွက်ရှိလာတဲ့ ပဲဖတ်၊ နှမ်းဖတ်တွေကို တိရစ္ဆာန်အစာအဖြစ်လည်း သုံးစွဲနိုင်ပါတယ်။ တစ်နည်းအားဖြင့် ဆီထွက်သီးနှံ စိုက်ပျိုးတဲ့ တောင်သူတွေအနေနဲ့ မွေးမြူရေးလုပ်ငန်းကိုပါ တွဲဖက်လုပ်ကိုင်နိုင်ကြောင်း တွေ့ရှိရပါတယ်။ စိုက်ပျိုးထွက်ရှိလာတဲ့ ထွက်ကုန်တွေကို သီးနှံလုံးဆန်အနေနဲ့ ရောင်းချတာအပြင် ဆီအဖြစ်ကြိတ်ခွဲပြီး ရောင်းချနိုင်သလို ဆီကြိတ်ရာမှ ထွက်ရှိလာတဲ့ ကြိတ်ဖတ်တွေကို တိရစ္ဆာန်အစာအဖြစ် ပြန်လည်အသုံးပြုနိုင်တာကြောင့် ဝင်ငွေများစွာ ရရှိနိုင်ပါတယ်။ တိရစ္ဆာန်စာတွေမှာလည်း ပြည်ပမှ တင်သွင်းနေရတာဖြစ်ပြီး ဆီထွက်သီးနှံကိုသာ ပိုမိုစိုက်ပျိုးပြီး ဆီကို တိုးတက်ထုတ်လုပ်နိုင်ပါက ပြည်ပကနေ တင်သွင်းရတဲ့ စားအုန်းဆီနဲ့ တိရစ္ဆာန်အစာအတွက် ကုန်သွယ်မှုလိုငွေကိုလည်း လျှော့ချနိုင်မှာဖြစ်ပါတယ်။

**ပိုလျှံသည့်ဆီထွက်သီးနှံရောင်းချနိုင်**

အချုပ်အားဖြင့်ဆိုရလျှင် ဆီထွက်သီးနှံကို ပိုမိုစိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့် ကျန်းမာရေးနှင့် ညီညွတ်ကာ အာဟာရပြည့်ဝတဲ့ စားသုံးဆီများကို ရရှိနိုင်မည့်အပြင် ပိုလျှံသည့် ဆီထွက်သီးနှံများကို သီးနှံလုံးဆန်အနေနှင့် သော်လည်းကောင်း၊ စားသုံးဆီအဖြစ်သော်လည်းကောင်း ရောင်းချနိုင်ခြင်း၊ ဆီကြိတ်ရာမှ ထွက်ရှိလာမယ့် ကြိတ်ဖတ်များဖြင့် တိရစ္ဆာန်အစာအဖြစ် အသုံးပြုကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို တွဲဖက်လုပ်ကိုင်နိုင်ခြင်းတို့ကြောင့် ဝင်ငွေတိုးတက်လာမည်မှာ မလွဲဧကန်ဖြစ်၍ ဆီထွက်သီးနှံများကို ပိုမိုစိုက်ပျိုးထုတ်လုပ်သင့်ပါကြောင်း တိုက်တွန်းရေးသား ဖော်ပြလိုက်ရပါတယ်ခင်ဗျာ။ ။

---

*စာမျက်နှာ ၁၆ မှ*

အတုယူသင့်သည့်နည်းလမ်းကောင်းများ ဖြစ်ပါသည်။

